# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၂၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၁၇၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

### စိုက်ပျိုးမွေးမြူရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်၍ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက စစ်ကိုင်းတိုင်းဒေသကြီးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ ချင်းတွင်းခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❖*

ယနေ့ *ဖတ် စ ရာ*


မြန်မာနိုင်ငံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု | ဆောင်းပါး | စာ - ၁၀

စွန့်ပစ်အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စက်ရုံတည်ဆောက်ရန် ဘရူနိုင်းစီစဉ်နေ | နိုင်ငံတကာသတင်း | စာ - ၁၃

လေထုညစ်ညမ်းမှုအန္တရာယ် တားဆီးကာကွယ် | ဆောင်းပါး | စာ - ၁၆

မြန်မာ့အလင်း

# လူသားအားလုံးကျန်းမာဖို့ သစ်တောများကို ထိန်းသိမ်းစို့

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်အတွင်း ဧရိယာအကျယ်အဝန်း ၂၂၀၀၆ ဧကရှိသော နန်ဖာဒင်ကြိုးပြင်ကာကွယ်တော၊ အင်းတော်မြို့နယ်အတွင်း ဧရိယာအကျယ်အဝန်း ၁၃၆၃ ဧကရှိသော ဂဟဲ (၂) ကြိုးပြင်ကာကွယ်တော၊ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ဧရိယာအကျယ်အဝန်း ၆၇၈ ဒသမ ၁၉ ဧကရှိသော ကျောက်တစ်လုံးကြိုးပြင်ကာကွယ်တောတို့ကို ၂၀၂၃ ခုနှစ် မတ်လ ၁၄ ရက်မှစ၍ သတ်မှတ်ကြေညာလိုက်သည်။

ရာသီဥတု ပြောင်းလဲမှုဖြစ်ပေါ်စေသော မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးအတွက် မြန်မာနိုင်ငံသည် နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောအဖြစ်လည်းကောင်း၊ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ်လည်းကောင်း ဖွဲ့စည်းသတ်မှတ်သွားမည်ဖြစ်ရာ ယမန်နှစ်အထိ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောကို နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၇၉ ရာခိုင်နှုန်းအထိ လည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေကို နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၃ ရာခိုင်နှုန်းအထိ ဖွဲ့စည်းသတ်မှတ်နိုင်ခဲ့ပြီးဖြစ်သည်ဟု သတင်းများအရ သိရှိရသည်။ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ဖွဲ့စည်းခြင်း၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း သစ်တောဖုံးလွှမ်းမှုတိုးပွားလာစေရေး၊ သစ်တောများ၏ အရည်အသွေးကောင်းမွန်လာစေရေး ဆောင်ရွက်မှုများက သစ်တောများတည်တံ့စေရေးအတွက် ထိန်းသိမ်းခြင်းပင်ဖြစ်ပြီး ရည်မှန်းချက်ပြည့်မီစေရေးအတွက် ဆက်လက်အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများသည် ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ခြင်း၊ ဒီရေတောများသည် ဒေသခံပြည်သူများအတွက် မုန်တိုင်းနှင့် ဆူနာမီလှိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစေခြင်း၊ မျိုးသုဉ်းမည့်အန္တရာယ်ရှိနေသော အပင်မျိုးစိတ်များနှင့် သားငှက်တိရစ္ဆာန်များ၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ သဘာဝရေထွက်များ၊ ရေဝေရေလဲဒေသများကို ထိန်းသိမ်းနိုင်ခြင်း၊ ဂေဟစနစ်များကို ပိုမိုကောင်းမွန်စေပြီး ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ ပိုမိုတိုးပွားလာစေခြင်း၊ သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည့်အတွက် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းရာတွင် လည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက်ရာတွင် လည်းကောင်း ပြည်သူလူထု ပူးပေါင်းပါဝင်ကြရန် အရေးကြီးသည်။

သစ်တောများ ထာဝစဉ်တည်တံ့မှုသည် တစ်ကမ္ဘာလုံးအတွက်လည်း လွန်စွာအရေးပါသည့်အတွက် ကုလသမဂ္ဂက နှစ်စဉ် မတ်လ ၂၁ ရက်နေ့ကို “အပြည်ပြည်ဆိုင်ရာသစ်တောများနေ့” အဖြစ် သတ်မှတ်ကြေညာထားပြီး နှစ်စဉ်ဆောင်ပုဒ်များကိုလည်း ချမှတ်ပေးလျက်ရှိရာ ယခုနှစ်အတွက်ဆောင်ပုဒ်မှာ “လူသားအားလုံးကျန်းမာဖို့ သစ်တောများကို ထိန်းသိမ်းစို့” “Healthy Forests For Healthy People ” ဟူ၍ ဖြစ်သည်။ သစ်တောထွက် အစာအာဟာရများနှင့် ဆေးဝါးများ၊ သစ်တောပြုန်းတီးမှုနှင့် ဆက်စပ်နေသည့် ကူးစက်ရောဂါများ၊ သစ်တောများက ထိန်းသိမ်းပေးထားသည့် သဘာဝရေအရင်းအမြစ်များ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့် အမှုန်အမွှားများ၊ သစ်တောများက လျှော့ချပေးနိုင်သည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ စသည်တို့မှာ သစ်တောများနှင့် လူသားတို့၏ ကျန်းမာရေးတို့အကြား အဆက်အစပ်ကြီးမားမှုများကို မြင်တွေ့နိုင်သည်။ လူသားတိုင်း၏ ကျန်းမာသက်ရှည်ရေးအတွက် သစ်ပင်သစ်တောများ အားကောင်းမောင်းသန် ရှင်သန်ဖြစ်ထွန်းနေရန် လိုအပ်သည့်အလျောက် သစ်ပင်သစ်တောများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းရေးတွင် လူတိုင်းပါဝင်ကြရမည့်အကြောင်း။ ။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ✰ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ✰ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။
- ✰ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ✰ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ရာဇဝတ်အထူးအယူခံမှု (၁)မှု စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၄)မှု ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဦးတင်ဟုန်နှင့် ဒေါ်သင်းသင်းနွဲ့တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၁၂/၂၀၂၂ (ကချင်) (၁)မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၁၇/၂၀၂၂ (ရခိုင်)၊ ၁၈/၂၀၂၂ (ရခိုင်)၊ ၅၄/၂၀၂၂ (မကွေး)နှင့် ၅၅/၂၀၂၂ (မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု(၄)မှု တို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# “မြန်မာ ချိုးလင်းပြာ” ငှက်ပုံ စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ထုတ်ဝေရောင်းချမည်




နေပြည်တော် မတ် ၂၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာ ကျက်စားသည့် ဒေသရင်း ငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထား** မှတ်ချက်ပြုထားသည့် မြန်မာ့ဒေသရင်း “မြန်မာချိုးလင်းပြာ” ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ၂၀၂၃ ခုနှစ် မတ် ၂၂ ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေး စာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၃ ခုနှစ် မတ် ၂၂ ရက်** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ရွှေစာရံဘုရားသို့ သွားရောက်သည့် ဘုရားဖူးယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ်အပါအဝင် ပြည်သူသုံးဦး သေဆုံးမှု”** ခေါင်းစဉ်ဖြင့် မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းအား KNDF/ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး /လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သံဃာတော်သုံးပါးအပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ၁၇ ဦး ထိခိုက်သေဆုံးခဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

◆ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီမှု မရှိသည်ကို တွေ့ရ၊ စပါးစိုက်ပျိုးမှုများကို စနစ်တကျဆောင်ရွက်ပြီး တစ်ဧကချင်း အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းဝမ်းစာဖူလုံမှုကို အထောက်အကူပြုနိုင်သည့်အပြင် ပိုမိုထွက်ရှိသည့် ထုတ်ကုန်များကို ပြင်ပသို့ ရောင်းချနိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုနိုင်မည်**

❖ *ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ဒေါက်တာ မူထန်နှင့် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ကံဇော်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်းတင်ပြဆွေးနွေး**

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME) များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် စက်မှုဇုန်များ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ MSME ထုတ်ကုန်ပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် Talk Show များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းပို့ချပေးခြင်းများ ဆောင်ရွက်လျက်ရှိမှုနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များဖြစ်ကြသည့် စစ်ကိုင်းမြို့ စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးကိုကိုမြင့်၊ စစ်ကိုင်းမြို့ ကုန်သည်လုပ်ငန်းရှင်များကိုယ်စား ဦးထွန်းထွန်းဦး၊ ရွှေဘိုမြို့ စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးဖြိုးသူရ၊ ရွှေဘိုမြို့ ကုန်သည်လုပ်ငန်းရှင်များကိုယ်စား ဦးကျော်ငွေ၊ ကလေးမြို့ စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးဇော်ဝမ်း၊ ကလေးမြို့ ကုန်သည်လုပ်ငန်းရှင်များကိုယ်စား ဦးစိုးမြင့်၊ မုံရွာမြို့ စက်မှုလုပ်ငန်းရှင်များကိုယ်စား ဦးခင်မောင်ညို၊ မုံရွာမြို့ ကုန်သည်လုပ်ငန်းရှင်များကိုယ်စား ဦးသန်းဌေးအောင်နှင့် တက်ရောက်လာကြသူများက စစ်ကိုင်းစက်မှုဇုန်ဆိုင်ရာ အချက်အလက်များနှင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စစ်ကိုင်းမြို့၌ စက်သုံးဆီလိုအပ်ချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုမှု၊ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများကို နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်စေလိုမှု၊ အရည်အသွေးကောင်းများကို ပိုင်ဆိုင်ထားသည့် ရွှေဘိုပေါ်ဆန်းကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအား လိုအပ်ချက်ကို ဖြည့်ဆည်းပေးစေလိုမှု၊ လေကြောင်းခရီးစဉ်များကို ယခုထက် ပိုမိုပြေးဆွဲဆောင်ရွက်ပေးစေလိုမှု၊ စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှုနှင့် ခေတ်မီစက်ကိရိယာများ တင်သွင်းရာတွင် ပိုမိုလျင်မြန်မှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ တိုင်းဒေသကြီးအတွင်း ကုန်စည်စီးဆင်းမှုပိုမိုလျင်မြန်ချောမွေ့စေရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးတို့အတွက် ဆောင်ရွက်ပေးစေလိုမှု၊ စစ်ကိုင်းမြို့ ရေလုံလောက်စွာ ရရှိရေးအတွက် ဆိုလာစနစ်သုံး ရေပေးဝေရေးစနစ် ဖော်ဆောင်ပေးစေလိုမှု၊ ပြည်တွင်းပြည်ပခရီးသွားများ အများဆုံး အသုံးပြုလျက်ရှိသည့် စစ်ကိုင်းတောင်ရိုးလမ်းနှင့် ကမ်းနားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ မြို့တွင်း၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စစ်ကိုင်းမြို့ မြို့ရှောင်လမ်း ဆောင်ရွက်ပေးစေလိုမှု၊ ရိုးရာငွေထည်လုပ်ငန်း၊ ကြေးထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေး-စစ်ကိုင်း-အင်းတော်-ကသာ မီးရထားလမ်း ပြေးဆွဲဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အားပေး ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စပါးစိုက်တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့ဒေသများရှိ ဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် နည်းပညာ၊ စက်ကိရိယာနှင့် အရင်းအနှီးများ ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ MSME ပြပွဲ၊ ပြိုင်ပွဲများ နိုင်ငံအဝန်း ဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုများသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေနိုင်သည့်အတွက် လုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းတိုက်ဖျက်ဆောင်ရွက်သွားကြရန် လိုအပ်မှုစသည်ဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် အလေးထားမှတ်သား၍ တိုင်းဒေသကြီးအစိုးရအနေဖြင့် သော်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အမြန်ဆုံး ဆက်သွယ်၍သော်လည်းကောင်း ဖြေရှင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များကို တွေ့ဆုံရသည့်အတွက်ဝမ်းမြောက်ပါကြောင်း၊ ယနေ့တွေ့ဆုံမှုတွင် တစ်ဦးချင်း၏ စီးပွားရေးလုပ်ငန်းများတွင်ကြုံတွေ့ရသည့် အခက်အခဲများကို တွေ့ရှိရကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် မိမိတို့ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ အခြားဒေသများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို မှီခိုရန်မလိုဘဲ မိမိဒေသအတွင်း ထွက်ကုန်များဖြင့် အောင်မြင်စွာ ထုတ်လုပ်နိုင်သည့်ဒေသတစ်ခုဖြစ်သည့်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည့်ဒေသဖြစ်ပြီး ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်နှစ်ခုအကြားတွင် တည်ရှိနေသည့် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုလည်း ဖြစ်ကြောင်း။

**စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာလျှင် နိုင်ငံရေးမောင်းနှင်အားနှင့်ကာကွယ်ရေးမောင်းနှင်အားကို တည်ဆောက်နိုင်မည်**

နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် ရပ်တည်ဆောင်ရွက်ရကြောင်း၊ စည်းလုံးညီညွတ်မှုရှိသည့် နိုင်ငံသားများဖြင့် ရပ်တည်ဆောင်ရွက်မည်ဆိုပါက နိုင်ငံရေးအားကောင်းမွန်မည်ဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ကာကွယ်ရေးကိုတည်ဆောက်နိုင်ပါက နိုင်ငံတကာတွင် အထိုက်အလျောက်ဩဇာရှိနိုင်ကြောင်း၊ မောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုကို

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အထောက်အကူပြုစေနိုင်ကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးပညာရပ်ကို လူတိုင်းနားလည်သင့်ကြောင်း၊ အစိုးရအနေဖြင့် တစ်နိုင်ငံလုံးစီးပွားရေးနှင့် ပြည်သူလူထု၏ စီးပွားရေးတိုးတက်အောင် စီမံဆောင်ရွက်ရကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့်နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား တိုးတက်စေရေးနှင့် လူအများကို ကြီးပွားချမ်းသာစေမည့် လမ်းကြောင်းကို မြှင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိမှသာ လျှင် ရောင်းကုန်ပစ္စည်းများ ရရှိမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကုန်ကြမ်းပစ္စည်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ထွက်ရှိသည့် ကုန်ကြမ်းများကို ကုန်ကြမ်းအတိုင်းသာ ရောင်းချမည်ဆိုပါက အကျိုးအမြတ်ရရှိမှုနည်းပါးမည်ဖြစ်ပြီး ကုန်ချောအဖြစ် ထုတ်လုပ်၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ရောင်းချနိုင်မည်ဆိုပါက အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် လူသုံးကုန်ပြခန်းအား စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

## ဒေသတွင်း အောင်မြင်စွာဆောင်ရွက်နိုင်မည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရန်လို

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီမှုမရှိသည်ကိုတွေ့ရကြောင်း၊ စပါးစိုက်ပျိုးမျိုးသန့်များရရှိအောင် သုတေသနပြု ဆောင်ရွက်ကြရန်လိုကြောင်း၊ စပါးစိုက်ပျိုးမှုနှင့် ပတ်သက်၍ ပြည်တွင်းဈေးကွက်ကိုသာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးအထိ မျှော်မှန်းစိုက်ပျိုးရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးမြေများကို အကျိုးရှိရှိအသုံးချရန်လိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးအတွက်ခွင့်ပြုထားသည့် စိုက်ပျိုး မြေ ၅ သိန်းခန့်မှာ ပြည့်မီစွာ စိုက်ပျိုးမှုမရှိသည်ကို တွေ့ရကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ပြီး အထွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးပြခန်းအား စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

မှုများကို စနစ်တကျဆောင်ရွက်ပြီး တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းဝမ်းစာဖူလုံမှုကို အထောက်အကူပြုနိုင်သည့်အပြင် ပိုမိုထွက်ရှိသည့် ထုတ်ကုန်များကို ပြင်ပသို့ရောင်းချနိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဂျုံစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း စစ်ကိုင်းတိုင်းဒေသကြီးသည် တစ်နိုင်ငံလုံးတွင် စိုက်ပျိုးမှုအမြင့်မားဆုံးဖြစ်ပြီး ယခုထက်ပိုမို ထွက်ရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ဂျုံမျိုးကောင်းမျိုးသန့်များရရှိအောင် စိုက်ပျိုးရေးသုတေသနဌာန၊ ဂျုံစိုက်တောင်သူများနှင့် ဂျုံအသုံးပြုသူများ သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်၍ ဂျုံမျိုးကောင်းနှုန်းတိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့်များဖြစ်ရန်၊ မြေကောင်းမွန်ရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်မှန်ကန်ရန်လိုကြောင်း၊ ဓာတ်မြေဩဇာလိုအပ်မှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူဆောင်ရွက်ပြီး တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများကို ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ နို့စားနွားနှင့် အသားစားနွားမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်၊ စိုက်ပျိုးမွေးမြူရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်၍ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက စစ်ကိုင်းတိုင်းဒေသကြီးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လူတို့တွင် မွေးဖွားစဉ်မှ သေဆုံးသည့်အချိန်အထိ အဝတ်အထည်များ လိုအပ်ကြောင်း၊ ထို့ကြောင့် အဝတ်အထည်များ ရက်လုပ်ခြင်းအတွက် လိုအပ်သည့် ဝါစိုက်ပျိုးမှုများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဝါစိုက်ပျိုးမှုများကို ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးမှုများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အရည်အသွေးပြည့်မီသည့် ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်မှလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဝါစိုက်ပျိုးရေးကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်မှုကိုသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါး၊ ဂျုံ၊ ဝါနှင့် ဆီထွက်ပစ္စည်းများကို အောင်မြင်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတိုးတက်မှုများကို ပိုမိုဖြစ်ထွန်းစေပြီး နိုင်ငံအတွက်လည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၌ စစ်ကိုင်းတိုင်းဒေသကြီးသည် ဝါးထွက်ရှိမှုနှုန်း အမြင့်ဆုံးဖြစ်ကြောင်း၊ အဆိုပါဝါးများကို အသုံးပြု၍ နိုင်ငံအတွက် လိုအပ်သည့် စက္ကူပျော့ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ စက္ကူပျော့ဖတ်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိမည်ဖြစ်ကြောင်း၊ စက္ကူစက်ရုံများ တည်ဆောက်လိုပါကလည်း နိုင်ငံတော်အနေဖြင့် ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းဒေသတွင် ရော်ဘာထွက်ရှိပြီး ရော်ဘာကိုအခြေခံသည့် မော်တော်ဆိုင်ကယ်တာယာများ၊ စက်ဘီးတာယာများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ရော်ဘာထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မည်ဆိုပါက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

## လျှပ်စစ်ဓာတ်အားလုံလောက်မှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိ

မိမိတို့နိုင်ငံတွင် စားသုံးဆီနှင့် စက်သုံးဆီ လိုအပ်ချက်အတွက် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ နိုင်ငံအတွင်း စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် နေကြာစိုက်ပျိုးမှုများနှင့် ဆီထွက်သီးနှံများကိုလည်း အောင်မြင်အောင်စိုက်ပျိုးကြစေလိုကြောင်း၊ စက်သုံးဆီသုံးစွဲမှုများ လျှော့ချရေးအတွက်လည်း စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံး အများသုံးသယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသုံး မော်တော်ယာဉ်တင်သွင်းမှုများကိုလည်း ခွင့်ပြုပေးထားပြီး အချို့နေရာများတွင် စတင်အသုံးပြုနေပြီဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက်လည်း နိုင်ငံတော်မှ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ကြောင်း၊ လုပ်ငန်းရှင်များ တစ်ဦးချင်းအနေဖြင့်လည်း နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ဆောင်ရွက်ကြစေလိုကြောင်း၊ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ဆောင်ရွက်နိုင်သည့် နေရာအများအပြားရှိကြောင်း၊ နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြစ်ရေတင်လုပ်ငန်းများကို *စာမျက်နှာ ၅ သို့*

**❋ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက်လည်း နိုင်ငံတော်မှစီမံဆောင်ရွက်လျက်ရှိ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင် သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်၊ လုပ်ငန်းရှင်များ တစ်ဦးချင်းအနေဖြင့်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆောင်ရွက်ကြစေလို၊ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ဆောင်ရွက်နိုင်သည့် နေရာအများအပြားရှိ**

*စာမျက်နှာ ၄ မှ*

ဆောင်ရွက်နိုင်ကြောင်း၊ ရေအား လျှပ်စစ်စီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မရှိသေးသည့် အတွက် မိမိတို့အနေဖြင့် အဆိုပါ ရေအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့ တွင်ရှိပြီးဖြစ်သည့် သဘာဝအရင်းအမြစ်များကို အပြည့်အဝ အသုံးချနိုင်မှု မရှိခြင်းကြောင့် နိုင်ငံ၏ အကျိုးစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ထိခိုက်နစ်နာလျက်ရှိကြောင်း၊ ကလေးဝကျောက်မီးသွေး ထုတ်လုပ်ခြင်းမှလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရကြောင်း၊ မိမိတို့ဒေသနှင့် တိုင်းပြည်ကို အကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံများအနေဖြင့် ဒေသနှင့် တိုင်းပြည်၏ အကျိုးကိုကြည့်၍ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်အတွက် အကျိုးရှိစေမည့် စီမံကိန်းများ အောင်မြင်မှုမရှိစေရေး နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကို မိမိတို့၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားဖြင့် စဉ်းစားဆုံးဖြတ်ကြစေလိုကြောင်း။

### လူသားအရင်းအမြစ်များ ပေါ်ထွက်လာရေး ပညာရေးကို အားပေးဆောင်ရွက်

မိမိ၏ မူဝါဒမှာ ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေး ခြင်းပင်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ လွှဲအပ်ပေးထားပြီးဖြစ်သဖြင့် စနစ်တကျ အကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှု အတွက် လိုအပ်သည့် ကုန်ကြမ်းများ၊ အရင်းအနှီး၊ စက်သုံးဆီ၊ လျှပ်စစ်ဓာတ်အားနှင့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များရရှိစေရေး ခရိုင် ၅၀ တွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံသင်တန်းကျောင်းများ ဖွင့်လှစ်လျက်ရှိကြောင်း၊ အလားတူ သိပ္ပံကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း၊ ၎င်းမှတစ်ဆင့် ကောလိပ်နှင့် တက္ကသိုလ်များကို တက်ရောက်နိုင်ကြောင်း၊ ယခင်ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ကျောင်းဖွင့်လှစ်မှုနှင့် ကျောင်းတက်ရောက်မှု ရာခိုင်နှုန်းအနည်းဆုံးဖြစ်ကြောင်း၊ မိမိတို့သားသမီးများ၏ ပညာရည်မြှင့်တင်ရေးအတွက် ဝိုင်းဝန်းအားပေး ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးသည် ကိုယ်ပိုင်ပစ္စည်းများဖြင့် ရပ်တည်နေသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက မြို့ပေါ်ဒေသတိုးတက်မှုကိုသာမက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပါ များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတိုးတက်ရေးအတွက် ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံများ အားလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ စည်းကမ်းစနစ်တကျရှိစေရေးအတွက် ဒေသတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများက ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ ဒေသခံများအနေဖြင့်လည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နေခြင်းသည် နိုင်ငံရေးဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိဒေသ၊ မိမိနိုင်ငံအကျိုးကို ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများကိုယ်စား တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများကိုယ်စား မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများကိုယ်စား မုံရွာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းတို့က လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် သယံဇာတတွင်းထွက်ထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှု ထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်း တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

> ❑ **စစ်ကိုင်းတိုင်းဒေသကြီးသည် ကိုယ်ပိုင်ပစ္စည်းများဖြင့် ရပ်တည်နေသည့် တိုင်းဒေသကြီးတစ်ခုဖြစ်၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက မြို့ပေါ်ဒေသတိုးတက်မှုကို သာမက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပါ များစွာအထောက်အကူပြုမည်**

# ပို့ကုန်ရငွေဝင်ရောက်ရန် ကျန်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၀**

ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများနှင့်တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ်၊ UMFCCI ဒုတိယဥက္ကဋ္ဌနှင့် ပို့ကုန်လုပ်ငန်း အမျိုးအစားအလိုက် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ယနေ့တွေ့ဆုံရခြင်းမှာ ပို့ကုန်ရငွေပြန်လည်ဝင်ရောက်မှု မရှိသော ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် ဥပဒေနှင့် စည်းမျဉ်းများ၊ ညွှန်ကြားချက်များကို သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးနိုင်ရန်နှင့် အခက်အခဲများကို အပြန်အလှန်ဆွေးနွေးနိုင်ရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၁၈–က၊ ပုဒ်မ ၃၈ (ခ)၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု စည်းမျဉ်း အပိုဒ် ၃၅၊ ၃၆၊ ၃၇ နှင့် အမိန့်ကြော်ငြာစာအမှတ် (၂၇/ ၂၀၂၁) တို့အရ ပို့ကုန်တင်ပို့သူများအနေဖြင့် အာရှနိုင်ငံများသို့ တင်ပို့သည့်ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ၄၅ ရက်အတွင်း၌လည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း၌ လည်းကောင်း၊ ပို့ကုန်ရငွေများအား နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ ပြန်လည်ဝင်ရောက်ခြင်း ရှိ/မရှိကို ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းအဖွဲ့တို့မှ ပူးပေါင်း စိစစ်ကြီးကြပ်လျက် ရှိကြောင်း ဆွေးနွေးသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကုန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးတို့မှလည်း Export Proceeds ပြန်လည်ဝင်ရောက်ရေး ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အနေဖြင့် ပို့ကုန်ရငွေ ပြန်လည်ပေးသွင်းရမည့်ကာလ သတ်မှတ်ချက် ပြင်ဆင်ပေးခဲ့သည့် အခြေအနေများ၊ အစိုးရမှဆောင် ရွက်ပေးနေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် ပို့ကုန်ရငွေသည် နိုင်ငံတော်အတွက် အဓိက နိုင်ငံခြားငွေ ဝင်ရောက်ရာလမ်းကြောင်းဖြစ်သဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် တည်ငြိမ်စေရေးအတွက် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို သေချာစွာလိုက်နာမှသာ နိုင်ငံအတွင်း ငွေကြေးစီးဆင်းမှု ပိုမိုချောမွေ့စေမည် ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ယင်းနောက် UMFCCI ပို့ကုန်လုပ်ငန်း အမျိုးအစားအလိုက် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဝိုင်းဝန်းတင်ပြဆွေးနွေးခဲ့ကြပြီး လက်ရှိတွေ့ကြုံရသည့်အခက်အခဲများအား တင်ပြဆွေးနွေးခဲ့မှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်တံတားမြို့နယ်၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်

**ရန်ကုန် မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော နွေရာသီကျောင်းပိတ်ရက်အတွင်း အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်ပွဲကို လူထုအခြေပြုဗဟိုဌာန၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက ကျောင်းသား ကျောင်းသူများအား နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ ပန်းချီရေးဆွဲနည်း အတတ်ပညာများကို အခြေခံမှစ၍သိရှိထားပြီး စနစ်တကျ ရေးဆွဲတတ်စေရန် စသည်ဖြင့် ပြောကြားသည်။ ဆက်လက်၍ မြို့မိမြို့ဖ ဆရာ ဦးသိန်းနိုင်က ကျောင်းနေအရွယ် ကလေးတိုင်း နွေရာသီတွင် အတတ်ပညာတစ်ခုခုကိုသင်ယူကြစေလိုကြောင်း ပြောကြားခဲ့ပြီး ပန်းချီဆရာသိုက်ဦးက အခြေခံပန်းချီရေးဆွဲနည်းကို စတင်သင်ကြားပြသပေးသည်။ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၂၀ ရက်မှ ၂၉ရက်အထိ နေ့စဉ် မွန်းလွဲ ၁နာရီမှ ၃နာရီအထိ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရန်ကင်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မုံရွာမြို့ပေါ်ရှိ စာသင်တိုက်များမှ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၀

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ စာသင်တိုက်များမှ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ ရန်ကင်းကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပပြုလုပ်သည်။**

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ၊ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယနှင့် ရန်ကင်း ကျောင်းတိုက်ဆရာတော် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာဝံသ တို့အမှူးပြုသည့် မုံရွာမြို့ပေါ်ရှိ စာသင်တိုက် ခုနစ်တိုက်တို့မှ ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပရိတ်တရားတော်များနာယူ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရန်ကင်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက် ဆရာတော်၊ ရန်ကင်းကျောင်းတိုက် ဆရာတော်နှင့် ဓမ္မပါရဂူကျောင်းတိုက် ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဆန်၊ ဆီ၊ ဆားနှင့် ပဲများကို ဆက်ကပ်လှူဒါန်းသည်။

### လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်း

ယင်းနောက် အခမ်းအနား တက်ရောက်လာကြ သူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### တင်ပြလျှောက်ထား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ရန်ကင်းကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီးများ ထံသို့ သာသနာတော် ထွန်းကားပြန့်ပွားရေး ဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး ဆိုင်ရာများကို တင်ပြလျှောက်ထားကာ ဆရာတော်ကြီးများ၏ သြဝါဒကို ခံယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

### ငွေကျပ်သိန်း ၃၅၀ လှူဒါန်း

ယနေ့ပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ စာသင်တိုက်များမှ သံဃာတော် ၇၉၁ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားတွင် လှူဒါန်းမှုစုစုပေါင်းအနေဖြင့် ဆန် ၁၈၀ အိတ်၊ ဆီ ၃၂၆ ပိဿာ၊ ဆား ၂၇၂ ပိဿာ၊ ပဲ ၃၂၆ ပိဿာ၊ ကြာဆံ ၁၆၃ ပိဿာနှင့် နဝကမ္မအလှူငွေအနေဖြင့် စာသင်တိုက် တစ်တိုက်လျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ငွေကျပ်သိန်း ၃၅၀ တို့ကို ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## (၉၁) ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲ စာအောင်ဆုနှင်းသဘင်ကျင်းပ

**ရန်ကုန် မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း (၉၁) ကြိမ်မြောက် ဘုရားဖြူဝိနည်း စာတော်ပြန်ပွဲ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ မတ် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဘုရားဖြူကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များမှ ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်ကြပြီး ဘုရားဖြူကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တကေသရာ



ဘိဝံသ (ဝိနယပါရဂူ) က သြဝါဒကထာ ဟောကြားချီးမြှင့်သည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက ဝိနည်းစာတော်ပြန်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

၁၃၈၄ ခုနှစ် နတ်တော်လတွင် ကျင်းပခဲ့သော (၉၁) ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲတွင် အတန်းစုံ၌ ၄၄၈ ပါး ဖြေဆိုခဲ့ကြောင်း၊ စာချတန်းတွင် လေးကျမ်းစွဲတစ်ပါး၊ အကြီးတန်းတွင် အောင်မြင်သူမရှိဘဲ အလတ်တန်းတွင် ၁၁ ပါး၊ အငယ်တန်းတွင် ၃၃ ပါး၊ မူလတန်းတွင် ၁၄၂ ပါး ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ(ဝဲပုံ)၊ ဒုတိယဥက္ကဋ္ဌ၊ အသင်းနာယကများနှင့် အလှူရှင်များက စာအောင်ဆုနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းပြီးလှူဒါန်းမှုအစုစုတို့ကို ရေစက်ချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**အေကေလင်း**

---

### နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် မတ် ၂၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ တက်ရောက်

မော်လမြိုင် မတ် ၂၀

**(၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ညနေပိုင်းက မော်လမြိုင်မြို့ မောရဝတီပန်းခြံ မြက်ခင်းပြင်၌ ကျင်းပသည်။**



**တက်ရောက်**

ညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုဆုများ ချီးမြှင့်**

ညစာစားပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်နယ် ဝန်ကြီးချုပ်တို့က (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်း ပထမဆုရ ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဦးစီးဌာန၊ ဒုတိယဆုရ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ် ငါးလုပ်ငန်းရှင်များ အသင်းနှင့် တတိယဆုရ မွန်ပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန နှင့် သစ်တောဦးစီးဌာနတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်များ မွန်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

**သီဆိုကပြဖျော်ဖြေ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး နှင့် ဧည့်ပရိသတ်များသည် (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး မွန်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုပန်းခြင်းနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဗီယင်နာမြို့အခြေစိုက် ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Mag Philip Schonthal အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဗီယင်နာမြို့ အခြေစိုက် ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr. Mag Philip Schonthal ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုကို ပြည်ထောင်စုဝန်ကြီးက ဆွေးနွေး ပြောကြားခဲ့ပြီး မြန်မာ-ဩစတြီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး အခွင့်အလမ်းများ၊ ဩစတြီးယား-မြန်မာအသင်း၏ လှုပ်ရှားမှုများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



---

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် International Financial Reporting Standard (IFRS) For Banking သင်တန်းဖွင့်ပွဲကျင်းပ



မြန်မာနိုင်ငံတော်ဗဟိုဘဏ် International Financial Reporting Standard (IFRS) For Banking သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

**နေပြည်တော် မတ် ၂၀**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် International Financial Reporting Standard (IFRS) For Banking သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က သင်တန်းသားများ အနေဖြင့် ယနေ့မျက်မှောက်ခေတ် နိုင်ငံတကာ စာရင်းကိုင်ပညာရပ်နယ်ပယ်တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုတို့ကို ထိရောက်စွာ ဖော်ဆောင်နိုင်ရန် ရည်ရွယ်သော စာရင်းကိုင်ဆိုင်ရာ စံသတ်မှတ်ချက်များဖြစ်သည့် International Financial Reporting Standard (IFRS) ပညာရပ်များကို သိရှိထားမှသာ နိုင်ငံတကာအဆင့်မီ စာရင်းကိုင်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အထူးသဖြင့် ဘဏ်များနှင့် သက်ဆိုင်သည့် နိုင်ငံတကာ စာရင်းကိုင်စံများအား ပိုမိုနားလည်ကျွမ်းကျင်မှု ရှိစေရန်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ရက်သတ္တ တစ်ပတ်ကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ လမ်းပေါ်ရှိ ပမ္မဝတီတံတား(မြင်းကဆိပ်)ဖွင့်လှစ်

**နေပြည်တော် မတ် ၂၀**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပုသိမ် – ကံကုန်း – မြင်းကဆိပ် – မြောင်းမြလမ်းပေါ်ရှိ အရှည်ပေ ၁၂၆၀ ရှိ ပမ္မဝတီတံတား (မြင်းကဆိပ်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတံတား မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ် များ၊ ရပ်မိ၊ ရပ်ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ပမ္မဝတီတံတား (မြင်းကဆိပ်) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

### ဝိုင်းဝန်းထိန်းသိမ်းကြစေလို

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့ရေးသည် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်ပြီး အလွန်အရေးကြီးသည့်



အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ရောဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏ ဆန်စပါး အဓိက ထွက်ရှိရာ တိုင်းဒေသကြီးဖြစ်ကြောင်း၊ မြစ်ချောင်းများပေါများပြီး မြေဆီသြဇာကြွယ်ဝသော မြေနုကျွန်းများရှိသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ရေထွက်ပစ္စည်းလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ တည်ရှိသော တိုင်းဒေသကြီးလည်း ဖြစ်ပါကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်လိုကြောင်း၊ ပြည်သူများ ဘေးအန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာအသုံးပြုနိုင်ရန် ပမ္မဝတီတံတား (မြင်းကဆိပ်) ကို ဖွင့်လှစ်ပေးပြီးဖြစ်၍ တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးသည် အဓိကကျကြောင်း၊ ဒေသအားလုံးအချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် လမ်း၊ တံတားများ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

### တံတား၏ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်

မြောင်းမြမြို့နယ် ပုသိမ် – ကံကုန်း – မြင်းကဆိပ်– မြောင်းမြလမ်းပေါ်တွင် ယခင်က တည်ဆောက်ခဲ့သည့် ပမ္မဝတီတံတား (မြင်းကဆိပ်) ကြိုးတံတားဟောင်းသည် ကြံ့ခိုင်မှု အားနည်းလာသည့်အတွက် မူလကြိုးတံတားဟောင်းကို ဖြုတ်သိမ်း၍ ကျွမ်းကျင်ပညာရှင်များက ခေတ်မီနည်းစနစ်တို့ကို အသုံးပြုပြီး အရှည်ပေ ၁၂၆၀၊ အပေါ်ထည် Steel Box Girder သံကူကွန်ကရစ်ကြမ်းခင်းနှင့် အောက်ထည်အုတ်မြစ်ကို R.C.C Bored Pile ဖြင့် တည်ဆောက်ခဲ့ပါကြောင်း၊ တံတား၏ ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ပါကြောင်း။

ရောဝတီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေ၊ နိုင်ငံတကာအကူအညီချေးငွေများဖြင့် လမ်း၊ တံတားများကို တည်ဆောက်ပေးလျက်ရှိရာ ယနေ့အထိ လမ်းမိုင် ၁၈၈၅ မိုင်ကျော် ဖောက်လုပ်ထိန်းသိမ်းထားပြီး ပေ ၁၈၀ နှင့်အထက် တံတားကြီး ၁၀၉ စင်းကိုလည်း တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ယခု ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်းတွင်လည်း ပေ ၁၈၀ နှင့် အထက် တံတား ၁၂ စင်းနှင့် ပေ ၁၈၀ အောက် တံတားခုနစ်စင်း စုစုပေါင်း ၁၉ စင်းကို တည်ဆောက်လျက်ရှိကြောင်း ပြောကြားသည်။

### လူမှုစီးပွားဘဝများ တိုးတက်လာမည်

ယင်းနောက် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုတံတားကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် ပုသိမ်မြို့မှ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ဖျာပုံမြို့နယ်တို့မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးသို့ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီး ဒေသထွက်ကုန်များကို သယ်ယူပို့ဆောင်နိုင်မည့်အပြင် ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက တံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်ရှိကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ပမ္မဝတီတံတား(မြင်းကဆိပ်)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး (ဝဲပုံ) စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်တို့က ပမ္မဝတီတံတား (မြင်းကဆိပ်) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ပမ္မဝတီတံတား (မြင်းကဆိပ်) သည် ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် ပုသိမ် – ကံကုန်း – မြင်းကဆိပ် – မြောင်းမြ လမ်းပေါ်ရှိ မြင်းကဆိပ်မြစ်ပေါ်တွင် တည်ဆောက်ထားကာ တံတားအရှည်ပေ ၁၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ နှစ်လမ်းသွားဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝမ်းတွင်းမြို့နယ်အတွင်း ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၆ ရွာမှ ဒေသခံပြည်သူ စုစုပေါင်း ၄၀၅ ဦးတို့ကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရွှေတောင်ကျေးရွာရှိအခြေခံပညာ အထက်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၂၀

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]**၊ **ကချင် အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]** နှင့် **ရခိုင်အမျိုးသားပါတီ (Arakan National Party)** တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ခြောက်ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၂၆ ပါတီဖြစ်၍ စုစုပေါင်း ၃၂ ပါတီဖြစ်သည်။ ယင်း ၃၂ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့် ပါတီ ရှစ်ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၂၄ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၂၀

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက သထုံမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ နယ်စပ် ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများကို သင်တန်းကျောင်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးက မွန်ပြည်နယ်အတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်တာဝန်ခံအရာရှိက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းကျောင်းများ ဖွင့်လှစ် ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဖြစ်ပေါ်လာစေရေး အလေးထားပြုစုပျိုးထောင်ပေးသွားရန်နှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြား၍ သင်တန်းကျောင်းနှင့် သထုံခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ်အတွင်း ဒေါင်းဥကျေးရွာနှင့် ဒရယ်ကျေးရွာတို့ကို ဆက်သွယ်မည့် ကလ္လီရွာ ရောင်ကွင်းလမ်း ဖောက်လုပ်နိုင်ရေး အတွက် အကြိုအင်ဂျင်နီယာ လုပ်ငန်းများ တိုင်းတာဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များနှင့် ဒေသခံများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ကေချင်း၏ ထုတ်လုပ်နိုင်စွမ်းမြှင့်တင်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်

နေပြည်တော် မတ် ၂၀

တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး ကြိုးပမ်းအကောင်အထည်ဖော်ရာတွင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍကပါဝင်နေကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေကြသည့် တာဝန်ရှိသူအဆင့်ဆင့်တို့ အနေဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒများ၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများ၊ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ထဲထဲဝင်ဝင် သိရှိနားလည်ကြပြီး မိမိတို့ကျွမ်းကျင်ရာ ပညာရပ်များကို အကျိုးရှိစွာအသုံးချကာ ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းကြရန်လိုကြောင်း မတ် ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် သက်ဆိုင်ရာ ဦးစီးဌာန တာဝန်ရှိသူများက တိုင်းဒေသကြီး၏ ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်မှု၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးရေသုံးစွဲနိုင်မှုနှင့် သီးထပ်စွမ်းအားတိုးမြှင့်ရေး ဆောင်ရွက်ထားရှိမှု၊ အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်ရရှိရေး ဆောင်ရွက်နိုင်မှု၊ ဒေသဝမ်းစာဖူလုံမှုနှင့် လယ်ယာထွက်ကုန်အခြေခံ ကုန်ချောထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ မျိုးစေ့ထုတ်လုပ်ငန်းနှင့် အသုံးချ သုတေသနလုပ်ငန်းများတွင် ဌာန၊ တောင်သူနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းစနစ်များ ဖြန့်ဝေရာတွင် တောင်သူများ လက်တွေ့မြေပြင်ဆောင်ရွက်မှုနှင့် အနီးစပ်ဆုံး အမှန်ကန်ဆုံး အနေအထားရှိအောင် နေရာစုံမှ နည်းလမ်းစုံဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အထက်ဌာနသို့ တင်ပြရာတွင် မရိုးဖြောင့်သောတင်ပြမှုများမရှိရန်လိုကြောင်း၊ မြေယာအသုံးချမှု ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဖြန့်ချိအသုံးပြုမှု လုပ်ငန်းများတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် အညီဖြစ်စေရေး၊ ဝန်ထမ်းများသက်သာချောင်ချိရေးနှင့် လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် လိုအပ်သောပံ့ပိုးဖြည့်ဆည်းမှုများ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေး ဖြည့်စွက်ဆွေးနွေးမှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးနည်းပညာပေးပြခန်းများကို ကြည့်ရှုစစ်ဆေးအားပေးသည်။ **(အပေါ်ပုံ)**

စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၂ - ၂၀၂၃ မိုး၊ ဆောင်း၊ နွေ စိုက်ပျိုးရာသီတွင် စပါး ကေတစ်ဆယ့်ရှစ်သိန်းကျော်၊ ဆီထွက်သီးနှံ ကေနှစ်ဆယ်လေးသိန်းကျော်၊ ပဲမျိုးစုံ ကေနှစ်ဆယ်လေးသိန်းကျော်နှင့် သီးနှံစုံ စုစုပေါင်း ကေကိုးသန်းကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ နိုင်ငံတော်၏ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် အရေးပါသည့် ဒေသတစ်ခုဖြစ်သဖြင့် တစ်ကေချင်း၏ ထုတ်လုပ်နိုင်စွမ်း မြှင့်တင်နိုင်ရန် သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များနှင့် တောင်သူများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု

ထက်ထက်အောင်

### ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ကမ္ဘာ့နိုင်ငံရေး အပြောင်းအလဲများသည် ကမ္ဘာ့အင်အားကြီး နိုင်ငံများအကြား နည်းပညာယှဉ်ပြိုင်မှုများ၊ စစ်လက်နက်အင်အားဖြည့်တင်းမှုများနှင့် ကမ္ဘာ့စီးပွားရေး ဈေးကွက်နယ်ပယ်ချဲ့ထွင်မှုများနှင့်အတူ ဖြစ်ပေါ်လာခဲ့ပြီး ကမ္ဘာ့နိုင်ငံများအနေဖြင့် မမျှော်မှန်းနိုင်သော အပြောင်းအလဲများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် မိတ်ဖက်နိုင်ငံများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးလမ်းစဉ်ကို အစဉ်တစိုက် ဦးတည်ဆောင်ရွက်လာခဲ့ကြသည်ကို တွေ့ရှိရသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စိန်ခေါ်မှုများ ဖြေရှင်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကောင်းမွန်ခိုင်မြဲသော ဆက်ဆံရေးကို တည်ဆောက်ရသည်ဖြစ်ရာ နိုင်ငံများအကြား ဆက်သွယ်ဆောင်ရွက်မှုသည် ကမ္ဘာ့သမိုင်းမှတ်တမ်းတစ်လျှောက်တွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် အစဉ်အမြဲ ပါဝင်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။

ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေများ (International Laws)၊ ပဋိညာဉ်စာချုပ်များ (Charters)၊ သဘောတူစာချုပ်များ (Treaties) နှင့် နားလည်မှုစာချွန်လွှာများ (Memorandum of Understanding) တွင် ပါဝင်သော ပြဋ္ဌာန်းချက်များ၊ ဖော်ပြချက်များနှင့်အညီ ဆောင်ရွက်လေ့ရှိကြသည်။ ယေဘုယျအားဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု (Bilateralism) နှင့် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှု (Multilateralism) ဟူ၍ ပူးပေါင်းဆောင်ရွက်မှုနည်းလမ်း နှစ်မျိုးရှိပြီး သီးခြားဆွေးနွေးမှုများနှင့် နှစ်နိုင်ငံအကျိုးစီးပွားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် Bilateralism နည်းလမ်းဖြင့်လည်းကောင်း၊ သုံးနိုင်ငံနှင့်အထက် နိုင်ငံများအကြား ဆွေးနွေးမှုများနှင့် အကျိုးတူ ပူးပေါင်းမှုများတွင် Multilateralism နည်းလမ်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြသည်။

### ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုယန္တရားများ၏ အခန်းကဏ္ဍ

ကမ္ဘာ့နိုင်ငံများအကြား ဆက်သွယ်ချိတ်ဆက် ပူးပေါင်းမှုများ ဆောင်ရွက်ရာတွင် နိုင်ငံများ၏ တည်နေရာနှင့် ရေနှင့်ကုန်းမြေနယ်နိမိတ်ထိစပ်မှုတို့သည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပထဝီရေမြေဒေသ ဆက်စပ်တည်ရှိနေသော ဒေသတွင်းနိုင်ငံများသည် ပိုမိုနီးစပ်သော လူနေမှုဘဝနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ကိုးကွယ်ယုံကြည်မှုများ၊ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်နှင့် ဂေဟစနစ်များကို မျှဝေဖြစ်တည် သုံးစွဲလျက်ရှိကြသည်ဖြစ်ရာ ပိုမိုရင်းနှီးသော အိမ်နီးချင်းနိုင်ငံဆက်ဆံရေး ထူထောင်ခြင်းဖြင့် ကောင်းမွန်သည့်ဆက်နွယ်မှုကို တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြသည်။ ထိုကဲ့သို့ ဒေသတွင်းနိုင်ငံများအကြား ရှိနှင့်ပြီးဖြစ်သည့် ရင်းနှီးသော ဆက်ဆံရေးအပေါ်တွင် အခြေပြု၍ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ယန္တရားများ တည်ထောင်ကာ ဒေသတွင်းပေါင်းစည်းမှုစွမ်းအားဖြင့် ကြုံတွေ့လာနိုင်သော ဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေး၊ လုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ မမျှော်မှန်းနိုင်သော စိန်ခေါ်မှုများနှင့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိကြသည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းခြင်းအားဖြင့် ဒေသတွင်းနိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း၊ အပြန်အလှန်နားလည်မှု၊ လေးစားယုံကြည်မှုများ တိုးပွားလာစေခြင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာစေခြင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအဖွဲ့အစည်းများနှင့် ပြည်သူများအကြား ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုတိုးမြင့်လာသဖြင့် ရင်းနှီးဆက်နွယ်မှုများ ပိုမိုတိုးပွားလာစေခြင်း၊ နည်းပညာ၊ ဗဟုသုတနှင့် အကျိုးစီးပွားများ ပိုမိုမျှဝေနိုင်ခြင်း စသော အကျိုးကျေးဇူးများရရှိအောင် ပံ့ပိုးလာနိုင်ကြသည်ကို တွေ့ရှိရသည်။




○ **ကမ္ဘာ့နိုင်ငံများအကြား ဆက်သွယ်ချိတ်ဆက် ပူးပေါင်းမှုများ ဆောင်ရွက်ရာတွင် နိုင်ငံများ၏ တည်နေရာနှင့် ရေနှင့်ကုန်းမြေနယ်နိမိတ်ထိစပ်မှုတို့သည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပထဝီရေမြေဒေသ ဆက်စပ်တည်ရှိနေသော ဒေသတွင်းနိုင်ငံများသည် ပိုမိုနီးစပ်သော လူနေမှုဘဝနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ကိုးကွယ်ယုံကြည်မှုများ၊ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်နှင့် ဂေဟစနစ်များကို မျှဝေဖြစ်တည် သုံးစွဲလျက်ရှိကြသည်ဖြစ်ရာ ပိုမိုရင်းနှီးသော အိမ်နီးချင်းနိုင်ငံဆက်ဆံရေး ထူထောင်ခြင်းဖြင့် ကောင်းမွန်သည့် ဆက်နွယ်မှုကို တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိ**

မြန်မာနိုင်ငံ၏ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအနက် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong-Lancang Cooperation-MLC) သည် သိသာထင်ရှားသော ရလဒ်များနှင့် အရှိန်အဟုန်မြင့် လက်တွေ့ကျကျ လည်ပတ်နေသည်ကို မျက်ဝါးထင်ထင် တွေ့ရှိရမည်ဖြစ်သည်။

### မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် မဲခေါင်မြစ်ဟု ခေါ်တွင်ပြီး တရုတ်နိုင်ငံတွင် လန်ချန်းမြစ်ဟု ခေါ်တွင်သည့် မဲခေါင်- လန်ချန်းမြစ်သည် မိုင်ပေါင်း ၂၇၀၀ ကျော် ရှည်လျားပြီး၊ ကမ္ဘာ့ ၁၂ ခုမြောက် အရှည်ဆုံးမြစ်ဖြစ်သည်နှင့်အညီ ရှည်လျားသောသမိုင်းကြောင်းဖြစ်တည်မှုနှင့် ယင်းဖြတ်သန်းစီးဆင်းရာ မြစ်ကြောင်းတစ်လျှောက်ရှိ နိုင်ငံအသီးသီးနှင့် ဒေသအသီးသီးတွင် မှီတင်းနေထိုင်သူများ၏ လူမှုစီးပွားဘဝများကို များစွာအထောက်အကူပြုလျက်ရှိသည်။

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက်အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးတွင် ထိုင်းနိုင်ငံက မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်လိုကြောင်း ကနဦးဆွေးနွေးမှုအပေါ် တရုတ်နိုင်ငံက ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ် ထူထောင်ရန် အဆိုပြုခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပထမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် တရုတ်နိုင်ငံ ကျင်းဟုန်မြို့၌ ကျင်းပခဲ့ပြီး မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ကို နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင် (Political and Security)၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင် (Economic and Sustainable Develo-pment) နှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင် ( Social, Cultural and People-to-People Exch-anges) စသည့် မဏ္ဍိုင် သုံးရပ်ဖြင့် ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ပထမအကြိမ် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင် တရုတ်နိုင်ငံ ဆန်းယမြို့၌ ကျင်းပခဲ့ပြီး ဆန်းယကြေညာစာတမ်း (Sanya Declaration) ကို ထုတ်ပြန်ကြေညာကာ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တရားဝင်စတင်ခဲ့သည်။ ဆန်းယကြေညာစာတမ်းအရ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများသည် ပေါင်းစည်းဆက်နွယ်မှု (Connectivity)၊ ထုတ်လုပ်မှု စွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု (Production Capacity Cooperation)၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု (Cross-border Economic Cooperation)၊ ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Water Resources) နှင့် စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Agricultural and Poverty Reduction) ဟူသည့် ဦးစားပေးနယ်ပယ် ငါးရပ်တွင် အဓိကထား ပူးပေါင်းဆောင်ရွက်လိုကြသည်။ ထို့ကြောင့် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မဏ္ဍိုင် သုံးရပ်နှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ငါးခုတို့ကို ပေါင်းစပ်ကာ 3+5 မူဘောင် (3+5 Frame-work) ဟု သတ်မှတ်ခေါ်ဆိုခဲ့သည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်တာ လုပ်ငန်းအစီအစဉ် ၂၀၁၈-၂၀၂၂ (MLC Five-Year Plan of Action 2018-2022) ကို အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါ လုပ်ငန်းအစီအစဉ်အရ ကျန်းမာရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ အကောက်ခွန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောဘဏ္ဍာရေး၊ လျှပ်စစ်နှင့်စွမ်းအင်နှင့် သတင်းမီဒီယာ စသည့် ဦးစားပေးနယ်ပယ် ၁၀ ခုကို ယခင် 3+5 မူဘောင်တွင် ထပ်မံထည့်သွင်းခဲ့ပြီးနောက် 3+5+X မူဘောင် (3+5+X Framework) အဖြစ် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ခဲ့သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဆန်းယကြေညာစာတမ်းပါ အခြေခံမူ (၇) ချက်ဖြစ်သည့် တူညီဆန္ဒ (Consensus)၊ ညီတူညီမျှရှိမှု (Equality)၊ အပြန်အလှန် အကြံပြုဆွေးနွေးမှုနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှု (Mutual Consul-tation and Coordination)၊ မိမိဆန္ဒအလျောက်ပါဝင်မှု (Voluntarism)၊ အားလုံးမှ ပါဝင်ပူးပေါင်းထည့်ဝင်ဆောင်ရွက်မှု (Common Contribution)၊ အကျိုးအမြတ်မျှဝေခံစားမှု (Shared Benefits) နှင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကို လေးစားမှု (Respects for UN Charter and International Laws) တို့အပေါ် အခြေခံ၍ 3+5+X မူဘောင်နှင့်အညီ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှု အကျိုးရလဒ်များကို ဖော်ဆောင်လျက်ရှိသည်။ *စာမျက်နှာ ၁၁ သို့*

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မော်တော်ယာဉ်ဖောင်းကြွ နံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်

နေပြည်တော်  မတ်  ၂၀

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ မော်တော်ယာဉ်ဖောင်းကြွ နံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ခြင်းကို မတ် ၁၉ ရက်က ဆက်လက်ဆောင်ရွက်လျက်ရှိသည်။**

အဆိုပါ မော်တော်ယာဉ် ဖောင်းကြွ နံပါတ်ပြားများကို ခေတ်နှင့်လျော်ညီစွာ နိုင်ငံတကာ၌ အသုံးပြုနေသည့် မော်တော်ယာဉ်နည်းတူ လုံခြုံရေးပိုင်းဆိုင်ရာ အချက်အလက် (Security Feature)များ ထည့်သွင်းရိုက်နှိပ်၍ အသုံးပြု တပ်ဆင်ပေးလျက်ရှိကြောင်း၊ မော်တော်ယာဉ်တွင် တပ်ဆင်သည့် ဖောင်းကြွနံပါတ်ပြား၌ ယခင်က တိုင်းဒေသကြီး၊ ပြည်နယ်ဒေသ သင်္ကေတ၊ ရောက်ရှိအက္ခရာနှင့် ဂဏန်းများ သာပါရှိရာမှ ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ်ဒေသ သင်္ကေတတို့အပြင် မြို့နယ်ကိုယ်စားပြု ဂဏန်း ဖော်ပြချက်နှင့် မော်တော်ယာဉ် အမျိုးအမည် ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်း ရိုက်နှိပ်လျက် မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြား ပုံစံအသစ်ကို အချိန်တို အတွင်း မြန်ဆန်စွာ ရာနှုန်းပြည့် ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေး ခရီးသည်တင် ယာဉ်များ၊ မြို့တွင်း ခရီးသည်တင် ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များကို မတ် ၃၁ ရက်အပြီး အချိန်မီ ပြောင်းလဲ တပ်ဆင်ရန်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်များကို ဖောင်းကြွနံပါတ်ပြား ပုံစံ အသစ် ပြောင်းလဲတပ်ဆင်မှုရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်၍ လူစီးမော်တော်ယာဉ်များအားလုံး နှစ်လဲ သက်တမ်းတိုးချိန် စေ့ရောက်သည်ဖြစ်စေ၊ မစေ့သေးသည်ဖြစ်စေ ဖောင်းကြွနံပါတ်ပြားအသစ်များကို အမြန်ဆုံးပြောင်းလဲ တပ်ဆင်ကြရန် အသိပေးနှိုးဆော်ထားကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန နေပြည်တော်ရုံးအနေဖြင့် မတ် ၁၅ ရက်အထိ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိက မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြား ပုံစံအသစ်များကို ၇၂ ရာခိုင်နှုန်း လဲလှယ်ပြီးစီးပြီဖြစ်၍ မတ် ၃၁ ရက်အပြီး အချိန်မီ ပြောင်းလဲတပ်ဆင်ကြရန်လိုအပ်ကြောင်း နေပြည်တော် ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

**ကျော်စွာဟိန်း**

**(ပြန်/ဆက်)**



# ပြင်ဦးလွင်မြို့၌ ကော်ဖီအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်မှုသင်တန်းဆင်း

ပြင်ဦးလွင်  မတ်  ၂၀

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံကော်ဖီအသင်း (ပြင်ဦးလွင်၊ နောင်ချို) အစုအဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့သည့် ကော်ဖီအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် (Bakery) အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ် (၆/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၁၉ ရက်က ပြင်ဦးလွင်မြို့ Coffee Park ရှိ ကော်ဖီအသင်းရုံးခန်း၌ ကျင်းပကြောင်း သိရသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံကော်ဖီအသင်း (ပြင်ဦးလွင်-နောင်ချို) အစုအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်က သင်တန်းဆင်း အမှာစကားပြောကြားကာ ခရိုင်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် လက်ထောက်အင်ဂျင်နီယာတို့က သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။

ယခုဖွင့်လှစ်ခဲ့သည့် ကော်ဖီအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် (Bakery) အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်း အမှတ်စဉ် (၆/၂၀၂၃) တွင် ပေါင်မုန့်အမျိုးမျိုး၊ ကိတ်မုန့်အမျိုးမျိုး၊ ကွတ်ကီးနှင့် Donut မုန့်အမျိုးမျိုးပြုလုပ်နည်းတို့ကို သင်တန်းသား သင်တန်းသူ ၂၀ က မတ် ၁၃ ရက်မှ ၁၉ ရက်အထိ တစ်ပတ်ကြာ စာတွေ့ လက်တွေ့ သင်ကြားခဲ့ကြပြီး သင်တန်းမှရရှိသော အတွေ့အကြုံများဖြင့် မိသားစုတစ်ပိုင်တစ်နိုင်ဖြစ်စေ၊ အသင်းအဖွဲ့အစည်း၊ အစုအဖွဲ့ဖြင့်ဖြစ်စေ၊ စီးပွားဖြစ်မုန့်အမျိုးမျိုး လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး မိသားစုဝင်ငွေ တိုးပွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဖြူလူသစ် (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

### မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေနှင့် စီမံကိန်းများ

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရား အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် တရုတ်နိုင်ငံက ရန်ပုံငွေအမျိုးအစား လေးမျိုးဖြစ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (MLC Special Fund) ကို အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖြင့်လည်းကောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် အတိုးနှုန်းသက်သာသောချေးငွေ (Concessional Loan) ကို ယွမ် ဘီလီယံ ၁၀ ဖြင့်လည်းကောင်း၊ အခြားချေးငွေ (Credit Line) ကို အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀ ဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ (South-South Cooperation Fund) ကို အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖြင့်လည်းကောင်း အသီးသီး မတည်ထူထောင်ပေးထားသည်။

မြန်မာနိုင်ငံအနေဖြင့် အထူးရန်ပုံငွေ တစ်မျိုးတည်းတွင်သာ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဆိုပြုလျက်ရှိပြီး တရုတ်နိုင်ငံဘက်က ၂၀၁၇ ခုနှစ်မှစ၍ ၂၀၂၂ ခုနှစ်အထိ အထူးရန်ပုံငွေစီမံကိန်း စုစုပေါင်း ၉၂ ခုကို ပေးအပ်ခဲ့ပြီးဖြစ်သည်။

### မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အကျိုးရလဒ်များ

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် စီမံကိန်းအခြေပြု ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ခုဖြစ်ပြီး ဒေသတွင်း မှီတင်းနေထိုင်သော ပြည်သူများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်တွေ့အကျိုးကျေးဇူးရရှိရေးတို့ကို ဦးတည်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှု ရလဒ်များရရှိခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများနှင့် နိုင်ငံတကာအသိုက်အဝန်း၏ အသိအမှတ်ပြုမှုများကို ရရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တော၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေးနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးကဏ္ဍစသည့် ကျယ်ပြန့်လှသည့် နယ်ပယ်ပေါင်းစုံတွင် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ပြီးစီးခဲ့သော စီမံကိန်းများမှလည်း သိသာထင်ရှားသော အကျိုးရလဒ်များ ရရှိလျက်ရှိသည်။

ထိုကဲ့သို့ ဒေသတွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုဘဝ သာယာလှပရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချရေးနှင့် အလုံးစုံပါဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့ကို ဦးတည်ဆောင်ရွက်ခဲ့သော မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ယခုအခါ ခုနစ်နှစ်တာကာလ ပြည့်မြောက်တော့မည် ဖြစ်သည်။

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် တရုတ်နိုင်ငံက အမြဲတမ်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကျန်အဖွဲ့ဝင်နိုင်ငံများက အက္ခရာစဉ်အလိုက် ပူးတွဲဥက္ကဋ္ဌတာဝန်ကို နှစ်နှစ်လျှင် တစ်ကြိမ် လွှဲပြောင်း လက်ခံဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၄ ရက်တွင် ကျင်းပခဲ့သော တတိယအကြိမ်မြောက် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ၂၀၂၁-၂၀၂၂ ခုနှစ် နှစ်နှစ်တာကာလအတွက် ပူးတွဲဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံထံမှ လွှဲပြောင်းလက်ခံရယူခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ်ကာလအတွင်း (၆) ကြိမ်မြောက် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၂၁ ခုနှစ် ဇူလိုင် ၈ ရက်တွင် တရုတ်နိုင်ငံ ချုံချင့်မြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ထိုအစည်းအဝေးတွင် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ပူးတွဲထုတ်ပြန်ချက် သုံးခုဖြစ်သည့် ဒေသဆိုင်ရာ အစိုးရ/အုပ်ချုပ်ရေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍနှင့် တိုင်းရင်းဆေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ထုတ်ပြန်နိုင်ခဲ့သည်။

ထို့ပြင် (၇) ကြိမ်မြောက် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် ပုဂံမြို့၌ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့သည်။ ထိုအစည်းအဝေးတွင် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး (၇) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ပူးတွဲကြေညာချက်နှင့်အတူ အကောက်ခွန်၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် လူ့အဖွဲ့အစည်းများအကြား အပြန်အလှန်သင်ယူမှုနှင့် အမြင်ချင်းဖလှယ်မှုတိုးမြှင့်ရေး စသည့်သီးခြား ထုတ်ပြန်ချက် လေးခုကိုလည်း အတည်ပြုထုတ်ပြန်နိုင်ခဲ့သည်။

လာမည့် (၄) ကြိမ်မြောက် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကိုလည်း ပူးတွဲဥက္ကဋ္ဌဖြစ်သည့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန်ရှိပြီး အဆိုပါအစည်းအဝေးတွင် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အလှည့်ကျပူးတွဲဥက္ကဋ္ဌတာဝန်ကို ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ တက်ကြွသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ်လည်းကောင်း၊ လက်ရှိပူးတွဲဥက္ကဋ္ဌအနေဖြင့်လည်းကောင်း မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် အဖွဲ့ဝင်နိုင်ငံများနှင့် အပြန်အလှန်နားလည်မှု၊ လေးစားမှုနှင့် မဲခေါင်- လန်ချန်း မိသားစုစိတ်ဓာတ်ကို အခြေခံကာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း အပြန်အလှန်ဆက်ဆံမှုမြှင့်တင်ရေး၊ လူငယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဖွဲ့ဝင်နိုင်ငံများ၏ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အတွင်းရေးမှူးရုံး/ ပူးပေါင်းညှိနှိုင်းရေးရုံးများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးမူဝါဒတစ်ရပ်အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မဲခေါင်ဒေသတွင်း နိုင်ငံများ၏ ပေါင်းစည်းဆက်နွယ်မှု ပြယုဂ်တစ်ခုအဖြစ် နိုင်ငံတကာမျက်နှာစာတွင် ခိုင်မာစွာရပ်တည်နိုင်ရန် စုပေါင်းအင်အားဖြင့် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းတင်ပြရင်း လာမည့် ၂၀၂၃ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်မည့် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုအပ်သည်။ ။

# ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် မဟာဇိနကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

ပဲခူး မတ် ၂၀

ပဲခူးမြို့ ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ ကျိုက္ကလွန်ပွန်း ဘုရားလမ်းရှိ ရှေးဟောင်းသမိုင်းဝင် မဟာဇိန ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို မတ် ၁၉ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖူးမြော်တင်လှူပေးသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် အမှူးပြုသော အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဓေယျာသီရိ အာသောက ကျောင်းတိုက်၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သီရိန္ဒ မထေရ်မြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်သဇ္ဈာယ်တော်မူကြပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံ ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။(ယာပုံ)

ယင်းနောက် ပဲခူးမြို့ မဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ မထေရ်မြတ်ထံမှ ဩဝါဒပရိသတ် အပေါင်းတို့က အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို မင်္ဂလာဝေါယာဉ်ဖြင့် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ပြီး ရတနာ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်များက ဇယန္တော ဗောဓိယာ မူလေအစချီဇယ မင်္ဂလာအောင် ဂါထာတော်များကို ကိုးကြိမ် ရွတ်ဖတ်ပူဇော်ခဲ့ပြီး ရှေးဟောင်းသမိုင်းဝင် မဟာဇိနကျိုက္ကလွန် ပွန်း စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် ခဲ့ကြကာ အောင်ပွဲ အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)





# ဒုတိယဝန်ကြီး ဦးအေးကျော် ၁၃၂ ကေဗွီ ကလောပင်မ ဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ အောင်သပြေ ဓာတ်အားခွဲရုံနှင့် ၃၃ ကေဗွီ တောင်ကြီး အမှတ်(၁) ဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

တောင်ကြီး မတ် ၂၀

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် မတ် ၁၇ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီး ခရိုင်အတွင်းရှိ ၁၃၂ ကေဗွီ ကလောပင်မ ဓာတ်အားခွဲရုံနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း လက်အောက်ရှိ ၆၆ ကေဗွီနှင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဦးစွာ ၁၃၂ ကေဗွီ ကလောပင်မဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ် ဓာတ်အားခွဲရုံမှူးက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ထရန်စဖော်မာဝန်အား စာရင်းကို အမြဲစိစစ်၍ မှတ်တမ်းထားရှိရန်၊ ဓာတ်အားလွှတ်ပစ္စည်းများကို ပုံမှန်စစ်ဆေး၍ လိုအပ်ပါက ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှု မရှိစေရေး လုံခြုံရေး အသိသတိဖြင့် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက် သွားကြရန်နှင့် ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေးအတွက် ဌာနတွင်း လုပ်ငန်းခွင်မပျက် သင်တန်းများဖွင့်လှစ်ပို့ချပေးရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက်အေးသာယာမြို့နှင့် တောင်ကြီးမြို့သို့ ဓာတ်အား ဖြန့်ဖြူးပေးနေသည့် ၆၆ ကေဗွီ အောင်သပြေဓာတ်အားခွဲရုံနှင့် ၃၃ ကေဗွီ တောင်ကြီး အမှတ်(၁) ဓာတ်အားခွဲရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဓာတ်အားခွဲရုံဆိုင်ရာနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး ဓာတ်အားခွဲရုံကို ပုံမှန်ထိန်းသိမ်းစစ်ဆေး ပြုပြင်ဆောင်ရွက်သွားရန်၊ မီးဘေးအန္တရာယ် ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရန်နှင့် ဓာတ်အားခွဲရုံ အတွင်းအပြင် သန့်ရှင်း သာယာလှပရေးဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် Switch Yard အတွင်း ဓာတ်အားလွှတ် ပစ္စည်းများ၏ အခြေအနေနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လုံမုံကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၆၂ ဧကရှိသော နယ်မြေကို **“လုံမုံကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာ အမှတ်(၃၀/၂၀၂၃)အရ ၁၃၈၄ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက် (၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

လုံမုံကြိုးပြင်ကာကွယ်တော အနီးအနားရှိ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရန်၊ ရေ၊ မြေ ထိန်းသိမ်းကာကွယ်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတု ညီညွတ်မျှတစေရန်နှင့် သစ်တောဦးစီးဌာနမှ တည်ထောင်စိုက်ပျိုးခဲ့သည့် စီးပွားရေး (ထင်းရှူး) စိုက်ခင်းဟောင်းများနှင့် ယင်းတို့နှင့် တစ်ဆက်တည်းရှိသည့် သစ်တောဖုံးလွှမ်းသည့်ဧရိယာအား ထိန်းသိမ်းကာကွယ်ရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

လုံမုံကြိုးပြင်ကာကွယ်တောဧရိယာအတွင်း သစ်တောဦးစီးဌာနမှ တည်ထောင်စိုက်ပျိုးခဲ့သည့် တားမြစ်သစ်စာရင်းဝင် ထင်းရှူးပင်များအား ထိရောက်စွာ ကာကွယ်ထိန်းသိမ်းနိုင်သည့်အပြင် ရှဥ့်၊ တောကြက်၊ ခါ၊ ငှက်နှင့် ချေစသည့်တိရစ္ဆာန်များ၏ ကျက်စားရာ ဒေသတိုးပွားလာခြင်း၊ ကြိုးပြင်ကာကွယ်တောအနီးရှိ ဒေသခံပြည်သူများမှ လုပ်ကိုင်စားသောက်လျက်ရှိသော လယ်၊ ယာ၊ ဥယျာဉ်ခြံ လုပ်ငန်းများအတွက် ရေ၊ မြေနှင့် ရာသီဥတုကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေမည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



# ရမ်းဗြဲမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး ကျေးရွာချင်းဆက် လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်

ရမ်းဗြဲ မတ် ၂၀

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးလက်လမ်း/တံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကျောက်ဖြူခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်ကျော်နှင့်အဖွဲ့ ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့သို့ကွင်းဆင်းဆောင်ရွက်ရာတွင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဦးမောင်မောင်ကျော်၊ ရမ်းဗြဲမြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)နှင့်ဝန်ထမ်းများ၊ လမ်းကော်မတီဝင်များ၊ တာဝန်ယူဆောင်ရွက်ခဲ့ကြသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်အတူ ပြည်နယ်ခွင့်ပြုငွေကျပ် ၁၂၄၆၃၂ သန်းဖြင့် မင်းမြတ်သဇင် ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ရမ်းဗြဲငယ်ချောင်းဖျား- အဝ-လောကြီး- ကညင်ပြင် - ကျောက်ထရံကျေးရွာချင်းဆက်လမ်း မြေသား တာပေါင်တင်၍ ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်း၊ ခွင့်ပြုငွေ ၈၉ ဒသမ ၁၅၈ သန်းဖြင့် ရမ္မာထူးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် လေးတောင်ကမ်းခြေသွားလမ်း မြေသားတာပေါင်တင်၍ ဖြုန်းကျောက်ခင်းခြင်းနှင့် ၎င်းလမ်းများပေါ်ရှိ ကွန်ကရစ်တံတား တစ်စင်း၊ Box Culvert နှစ်စင်း လုပ်ငန်းများနှင့် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြီးစီးမှုကို ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်နိုင်( ပြန်/ဆက်)**

## ဂျီ-၇ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် အိန္ဒိယဝန်ကြီးချုပ်အား ဂျပန်ဝန်ကြီးချုပ်ဖိတ်ကြား

**တိုကျို မတ် ၂၀**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် မေလတွင် ကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီကို ဖိတ်ကြားရာ ဝန်ကြီးချုပ်မိုဒီက လက်ခံခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် အိန္ဒိယနိုင်ငံ မြို့တော်ဒေလီ၌ မတ် ၂၀ ရက်က တွေ့ဆုံကြသည်။

ဟီယိုရှီးမား၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးစနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာစေရေး ဆွေးနွေးရန် အခွင့်အလမ်း တစ်ခုဖြစ်စေလိုကြောင်း ဝန်ကြီးချုပ်ကီရှီဒါက ဝန်ကြီးချုပ် မိုဒီကို ပြောကြားသည်။



ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါနှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ။

ခေါင်းဆောင်များအနေဖြင့် ရန်ပုံငွေဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေးနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍများတွင် ဂျီ-၇ နှင့် ဂျီ-၂၀ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍ မြှင့်တင်ရန် အိန္ဒိယနိုင်ငံ၌ မြန်နှုန်းမြင့် မီးရထားလမ်း စီမံကိန်းတစ်ခု တည်ဆောက်ရန် ခေါင်းဆောင်များက သဘောတူခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## မွန်ဂိုလီးယားနိုင်ငံက ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံခြားခရီးသွား ၇၆၀၀၀ ကျော် လက်ခံရရှိ

**အူလန်ဘာတော မတ် ၂၀**

မွန်ဂိုလီးယားနိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံခြားခရီးသွားစုစုပေါင်း ၇၆၀၆၈ ဦးကို လက်ခံရရှိခဲ့ပြီး ရုရှား၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ခရီးသွားဝင်ရောက်မှု အများဆုံးဖြစ်ကြောင်း နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက မတ် ၂၀ ရက်တွင် ပြောကြားသည်။

မွန်ဂိုလီးယားအစိုးရသည် ကမ္ဘာအနှံ့ဖြစ်ပွားနေသည့် ရောဂါဖြစ်ပွားနေစဉ် ခရီးသွားကဏ္ဍကို ပြန်လည်ရှင်သန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်ကုန်အထိ နိုင်ငံပေါင်း ၃၄ နိုင်ငံမှ နိုင်ငံသားများကို ရက်ပေါင်း ၃၀ အထိ ဗီဇာလိုအပ်ချက်များမှ ကင်းလွတ်ခွင့်ပေးထားကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံသည် ၂၀၂၃၊ ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်တို့ကို "မွန်ဂိုလီးယားသို့ လည်ပတ်ရန်နှစ်များ" အဖြစ် သတ်မှတ်ပြီး ၂၀၂၃ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန် ပွဲပေါင်း ၉၀ ကျော်ကို စီစဉ်ရန် မျှော်မှန်းထားကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံသည် လာမည့်နှစ်များအတွင်း ခရီးသွားကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံဝင်ငွေရရှိပြီး နိုင်ငံခြားခရီးသွား ၁ သန်းထက်မနည်း ဝင်ရောက်ရန် ရည်မှန်းထားကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်က နိုင်ငံခြားခရီးသွား စုစုပေါင်း ၂၉၀၄၀၀ လက်ခံရရှိခဲ့ကြောင်းနှင့် ခရီးသွားကဏ္ဍမှ ဒေါ်လာသန်း ၃၅၀ ရရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် အီရန်နှင့် အီရတ်တို့ လက်မှတ်ရေးထိုး

**တီဟီရန် မတ် ၂၀**

အီရန်နှင့် အီရတ်နိုင်ငံတို့သည် ဘဂ္ဂဒက်မြို့၌ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း အီရန်သတင်းဌာန အိုင်အာရ်အင်န်အေ၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါသဘောတူညီချက်ကို အလည်အပတ်ရောက်ရှိနေသော အီရန် အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး အလီ ရှိန်းခါနီနှင့် အီရတ် အမျိုးသားလုံခြုံရေးအကြံပေး ကာစင် အယ်အရာဂျီတို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်လများစွာက ပြင်ဆင်ထားသော အဆိုပါ သဘောတူညီချက်သည် အီရတ်နိုင်ငံရှိ တစ်ပိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ်တန်ဒေသတွင် အခြေစိုက်ထားသော အီရန်ဆန့်ကျင်ရေးအဖွဲ့များ၏ ရန်လိုသော လုပ်ရပ်များမှ ဖြစ်ပေါ်လာမည့် လုံခြုံရေးစိန်ခေါ်မှုများကို ကိုင်တွယ်စီမံ ဖြေရှင်းရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ရှိလာမည်ဖြစ်သည်။ အီရတ်အစိုးရနှင့် ပြည်သူများအနေဖြင့် အီရန်ညီအစ်ကိုများ၏ ပံ့ပိုးကူညီမှုများကို အမြဲတန်ဖိုးထားကြောင်း အီရတ် ဝန်ကြီးချုပ် မိုဟာမက် ရှီအာ အယ်ဆူဒါနီက ပြောသည်။



အီရန် အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး အလီ ရှိန်းခါနီနှင့် အီရတ် အမျိုးသားလုံခြုံရေး အကြံပေး ကာစင် အယ်အရာဂျီတို့ သဘောတူညီချက် လက်မှတ်ရေးထိုးစဉ်။

အယ်အရာဂျီ၏ ဖိတ်ကြားချက်အရ ရှိန်းခါနီသည် မတ် ၁၉ ရက် နံနက်ပိုင်းက အီရန်ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး မိုဟာမက်ရီဇာဖာဇင်နှင့် ဒုတိယနိုင်ငံခြားရေးဝန်ကြီး နှစ်ဦးနှင့်အတူ ဘဂ္ဂဒက်မြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။ ခရီးစဉ်အတွင်း ရှိန်းခါနီသည် အီရတ်လွှတ်တော် ဥက္ကဋ္ဌ မိုဟာမက် အယ်ဟဲလ်ဘော်စီနှင့် အီရတ်အထက်တန်းတရားရေးကောင်စီ အကြီးအကဲ ဖရိုက် ဇိုင်ဒန်တို့နှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## ကိုလံဘီယာ၌ စစ်ရဟတ်ယာဉ်ပျက်ကျ၊ လေးဦးသေဆုံး

**ဘိုဂိုတာ မတ် ၂၀**

ကိုလံဘီယာနိုင်ငံ ကွက်ဒ်ဒိုမြို့၌ မတ် ၁၉ ရက်က ကိုလံဘီယာစစ်ရဟတ်ယာဉ်တစ်စင်းပျက်ကျမှု ဖြစ်ပွားရာ စစ်သားလေးဦး သေဆုံးကြောင်း ကိုလံဘီယာသမ္မတ ဂတ်စတာဗို ပက်ထရိုက ပြောကြားသည်။

ကွက်ဒ်ဒို၌ လေယာဉ်ပျက်ကျမှုအတွင်း အသက်ရှင်ကျန်ရစ်သူမရှိကြောင်း၊ သမ္မတ ပက်ထရိုက လူမှုကွန်ရက်မီဒီယာတွင် ပြောကြားသည်။ သေဆုံးသူများ၏ မိသားစုများထံသို့ ဝမ်းနည်းကြောင်း ၎င်းက ထပ်ဆင့် ပြောကြားသည်။ ရဟတ်ယာဉ်မှာ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်စဉ် ပျက်ကျမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှု လုပ်ဆောင်နေဆဲဖြစ်ကြောင်း ချိုကိုဒေသအုပ်ချုပ်ရေးမှူး ဖာလင် ပီရီယာက ပြောသည်။

**ဆင်ဟွာ**

## စွန့်ပစ်အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စက်ရုံတည်ဆောက်ရန် ဘရူနိုင်း စီစဉ်နေ

**ဘန်ဒါဆီရီဘီဂါဝန် မတ် ၂၀**

ဘရူနိုင်းနိုင်ငံသည် တစ်ရက်လျှင် စွန့်ပစ်အမှိုက်တန်ချိန် ၈၀၀ - ၁၀၀၀ ကြားမှ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးနိုင်သော စွန့်ပစ်အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့်စက်ရုံ (စွန့်ပစ်အမှိုက်မီးရှို့သည့် စက်ရုံ) တစ်ရုံကို တည်ဆောက်သွားရန် စီစဉ်နေကြောင်း (၁၉) ကြိမ်မြောက် ဥပဒေပြုကောင်စီ အစည်းအဝေး၌ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဒါတို ဟာဂျီ မို့ဒ်ဂျူအန်ဒါက ပြောသည်။

အမှိုက်ပုံများအတွက် မြေရေးယာ အနည်းငယ်သာလိုအပ်မှုအပြင် ထိရောက်မှုရှိသည့် စွန့်ပစ်အမှိုက်အစိုင်အခဲများ စီမံခန့်ခွဲရာတွင် လွယ်ကူချောမွေ့စေရေး အဆိုပါစက်ရုံက ဖန်တီးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဥပဒေပြုကောင်စီအစည်းအဝေး၌ ဝန်ကြီးဌာန၏ နှစ်စဉ်ဘတ်ဂျက် အသေးစိတ်ကို ရှင်းလင်းတင်ပြစဉ်အတွင်း ဝန်ကြီး ဒါတို ဟာဂျီ မို့ဒ်ဂျူအန်ဒါက ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အမှိုက်ပုံများနှင့်ဆက်စပ်သော စွန့်ပစ်အနံ့ဆိုးအညစ်အကြေးများကဲ့သို့ ပြဿနာများကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်သည်။ နောက်ဆုံးပေါ် အစိုင်အခဲ စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေး နည်းပညာများ ပေါင်းစပ်ထားခြင်းကြောင့် စက်ရုံများမှ ထုတ်လွှတ်သော ဓာတ်ငွေ့များကဲ့သို့လေထုညစ်ညမ်းမှုပြဿနာများကိုလည်း တတ်နိုင်သမျှ အကောင်းဆုံး ဖြေရှင်းနိုင်မည်ဖြစ်သည်။ အဆိုပါ ချဉ်းကပ်နည်းလမ်းက လာမည့် နှစ် ၂၀ အတွင်း အမှိုက်စီမံခန့်ခွဲမှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**ဆင်ဟွာ**



စွန့်ပစ်အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စက်ရုံပုံစံငယ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း EV Charging Station များ ဖွင့်လှစ်

**နေပြည်တော် မတ် ၂၀**
Chin Dwin Shan Constrution Co.,Ltd နှင့် Earth Renewable Energy Co.,Ltd တို့၏ 60 KW DC Fast Charging Stationနှင့် EV Charging Station ဖွင့်ပွဲများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ သခင်မြ ပန်းခြံနှင့် လှည်းကူးမြို့နယ်ရှိ အမြန်လမ်း မိုင်တိုင်(၁) တို့၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးနှင့် အခြေခံအဆောက်အဦများ အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက အဖွင့်အမှာစကား ပြောကြားပြီး Chin Dwin Shan Constrution Co.,Ltd နှင့် Earth Renewable Energy Co.,Ltd မှ တာဝန်ရှိသူများက Station များ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက Station များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် 60 KW DC Fast Charging Station နှင့် EV charging Station တို့မှ ကားများအား လှည့်လည်ကြည့်ရှုကြပြီး **(အပေါ်ပုံ)** EV (လျှပ်စစ်ကား)များကို စမ်းသပ်မောင်းနှင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၂၀**
ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းက ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း UFL ကျောင်းရှေ့သို့ သွားရောက်၍



အင်းလျားကန်သို့ စီးဝင်သည့် တက္ကသိုလ်ရိပ်သာလမ်း မြေအောက် ရေမြောင်း ရေစီးရေလာ ကောင်းမွန်စေရန် စည်ပင်သာယာ ဝန်ထမ်း ပူးပေါင်းအင်အားဖြင့် အမှိုက်၊ မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းတစ်လျှောက် သစ်ပင်အောက်တက်များ ရှင်းလင်းရန်နှင့် လျှပ်စစ် ဓာတ်အားပေးကြိုးများ စနစ်တကျရှိစေရေး ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်မြို့နယ် (၂)ရပ်ကွက် ချောင်းဝချောင်းသို့ သွားရောက်၍ ချောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရန် သဲမြေ၊ နုန်းများ ဆယ်ယူ ရှင်းလင်းနေမှုကို လည်းကောင်း၊ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သိဒ္ဓိလမ်း အောင်သိဒ္ဓိချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် စက်ယန္တရားဖြင့် အမှိုက်၊ နုန်းများ၊ သဲမြေများ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရေမြောင်း ရေစီးရေလာ ကောင်းမွန်စေရန် စည်ပင်သာယာဝန်ထမ်း ပူးပေါင်းအင်အားဖြင့် အမှိုက်များ၊ နုန်းများ ဆယ်ယူ ရှင်းလင်းနေမှုကိုလည်းကောင်း၊ အလုံမြို့နယ် သခင်မြပန်းခြံ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** ကမ်းနားလမ်းနှင့် ပန်းခြံဝင်ပေါက်အကြား ကတ္တရာကွန်ကရစ်ခင်းကျင်းရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ကော်မတီဝင်များနှင့် ဌာနမှူးများ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃) ကို တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ယနေ့ပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၇၇ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ပြပွဲပဉ္စမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ အနက် ကျောက်စိမ်းအတွဲအမှတ် (၁) မှ (၇၅၀) အထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ကျောက်စိမ်းအတွဲအမှတ် (၁) မှ (၇၅၀)အထိ တင်သွင်းထားသည့် ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ မတ် ၂၁ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၂၉၅ တွဲကို မတ် ၁၈ ရက်မှ ၁၉ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၉၀ ကို လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို မတ် ၂၀ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက် အတွဲပေါင်း ၇၇ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

### အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးမည်

ထို့ပြင် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ ကို မတ်၂၁ ရက်မှ မတ် ၂၃ ရက်အထိ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်



ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာစဉ်။

ဆက်လက် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

### နိုင်ငံခြားဝင်ငွေရရှိ

ယခု ကျင်းပပြုလုပ်သည့် (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် မတ် ၁၇ ရက်မှ ၂၃ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပနေခြင်းဖြစ်သည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဖာနန်ဒက်စ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်တွင် မန်ယူအသင်းက နှစ်ယောက်လျော့ ဖူလ်ဟမ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး အနိုင်သေချာစေမည့် သွင်းဂိုး နှစ်ဂိုး ရယူနိုင်ခဲ့သည်။ ပွဲချိန် ၇၇ မိနစ်တွင် ဆာဘစ်ဇာနှင့် နာကျင်အချိန်ပိုတွင် ဖာနန်ဒက်စ်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် ရှက်ဖီးလ်က ဘလက်ဘန်းကို သုံးဂိုး–နှစ်ဂိုး၊ ဘရိုက်တန်က ဂရင်စဘီကို ငါးဂိုးပြတ်အနိုင်ရရှိပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ မန်စီးတီးအသင်းက ချန်ပီယံရှစ်ကလပ် ရှက်ဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မန်ယူအသင်းက ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်များကို လာမည့်လတွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**အောင်ဇော်**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၂၀–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၁၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၃၂,၀၃၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၉၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၈၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁–၃–၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၁၀ | ၂၀၃၅ | ၂၀၂၀ | ၁၉၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၈၀ | ၂၈၁၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၄၀ | ၂၃၆၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၁၅၅ | ၂၁၅၀ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၃၀၀၀ |
| HSD (50 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၄၀၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၄၀၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၀ | ၁၉၃၀ |
| 95 Ron | ၁၉၄၃ | ၂၀၁၆ |
| HSD (500 ppm) | ၁၉၀၀ | ၁၉၆၈ |
| HSD (50 ppm) | ၁၉၇၄ | ၂၀၄၃ |
| HSD (10 ppm) | ၁၉၇၄ | ၂၀၄၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# လေထုညစ်ညမ်းမှုအန္တရာယ် တားဆီးကာကွယ်

ဒေါက်တာခင်နှင်းယု

လေထုညစ်ညမ်းမှုဆိုသည်မှာ လူသားများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော၊ လေထုညစ်ညမ်းစေသော အရာများကို လေထုထဲသို့ လွှတ်ထုတ်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အစီရင်ခံစာအရ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ်ကမ္ဘာ့လူဦးရေ ကိုးသန်းခန့် သေဆုံးလျက်ရှိသည်။ ယနေ့ကမ္ဘာပေါ်ရှိ လူ ၁၀ ဦးလျှင် ကိုးဦးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော လေထုညစ်ညမ်းမှု ကန့်သတ်ချက်ပမာဏအား ကျော်လွန်နေသော၊ မသန့်ရှင်းသောလေကို ရှူသွင်းနေရသည်။ အထူးသဖြင့် တစ်ဦးချင်းဝင်ငွေနိမ့်ပါးသော နိုင်ငံများနှင့် တစ်ဦးချင်းဝင်ငွေ အလယ်အလတ်ရှိသော နိုင်ငံများသည် လေထုညစ်ညမ်းမှု၏ ဆိုးကျိုးများကို အခံစားရဆုံးဖြစ်သည်။




လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် အရင်းအမြစ်များ။

လူများကဲ့သို့ပင် တိရစ္ဆာန်များ၊ အပင်များ အပါအဝင် ဂေဟစနစ်တစ်ခုလုံးသည် လေထုညစ်ညမ်းမှု၏ သက်ရောက်မှုများကို ခံစားကြရသည်။ လေထုညစ်ညမ်းမှုကို ဖြစ်စေသော အမှုန်အမွှားလေးများသည် လေထုထဲသို့ ရောက်ရှိပြီးနောက် နောက်ဆုံးတွင် ကမ္ဘာမြေကြီးပေါ်သို့ပြန်လည်ကျရောက်လာပြီး ရေ၊ မြေမျက်နှာပြင်များကို တိုက်ရိုက်ညစ်ညမ်းစေပြီး ကောက်ပဲသီးနှံများအား ပျက်စီးစေပြီး အထွက်နှုန်း လျော့ကျစေသည်။ ကမ္ဘာကြီးပူနွေးလာမှုမှာလည်း သဘာဝဖြစ်စဉ်များကြောင့် ဖြစ်စေ၊ လူသားတို့၏ လှုပ်ရှားလုပ်ကိုင်မှုများကြောင့် ဖြစ်စေ ဖြစ်ပေါ်လာသော လေထုညစ်ညမ်းမှုမှ ထပ်ဆင့်ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုဖြစ်သည်။ ထို့ပြင် လေထုညစ်ညမ်းမှု၏ နောက်ထပ်သက်ရောက်မှု တစ်ခုဖြစ်သော ရာသီဥတုပြောင်းလဲမှုသည်လည်း ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသော သဘာဝဘေးအန္တရာယ်များနှင့်အတူ ကူးစက်ရောဂါများကို ဖြန့်ဖြူးသယ်ဆောင်ပေးခြင်း စသော လူမှုစီးပွားထိခိုက်မှုများကို ဖြစ်စေသည်။ ဤပြဿနာများကို ကျော်လွှားရန် တစ်ခုတည်းသောနည်းလမ်းမှာ ပညာရှင်များ၊ ကျွမ်းကျင်သူများ၏ အကူအညီဖြင့် ဘက်စုံချဉ်းကပ်ဖြေရှင်းမှုနှင့်အတူ ပြည်သူလူထုအား အသိပညာပေးမှုဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန်အတွက် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများအားလုံးသည် လေထုညစ်ညမ်းမှုပြဿနာကို ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှုမြင်ပြီး ကာလရှည် လုပ်ကိုင်ဆောင်ရွက်နိုင်သော ပြဿနာဖြေရှင်းမှုနည်းလမ်းများကို ဝိုင်းဝန်းအကြံပြုလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

### လေထုညစ်ညမ်းမှု၏ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ

လူသားများ၏ လုပ်ဆောင်မှုများသည် ၎င်းတို့ရှင်သန်နေထိုင်ရာ သဘာဝပတ်ဝန်းကျင်ကို လွှမ်းမိုးသည်။ သဘာဝပတ်ဝန်းကျင်သည် သက်ရှိသက်မဲ့ နှစ်မျိုးလုံးဖြင့် ဖွဲ့စည်းထားသည်။ လေထုညစ်ညမ်းစေသော အစိုင်အခဲ (သို့မဟုတ်) အရည် (သို့မဟုတ်)အငွေ့များသည် ပတ်ဝန်းကျင်၏ အရည်အသွေးကိုလည်း လျော့ကျစေပါသည်။ ၁၈ ရာစုနှောင်းပိုင်းမှ စတင်ခဲ့သော စက်မှုခေတ်ပြောင်းတော်လှန်ရေးသည်များစွာသော ဝန်ဆောင်မှုဆိုင်ရာ ထောက်ပံ့မှုများနှင့်အတူ လူမှုနယ်ပယ်၊ နည်းပညာနယ်ပယ်များတွင် ကြီးမားသော အောင်မြင်မှုတစ်ခုဟု ဆိုနိုင်သော်လည်း အခြားတစ်ဖက်တွင် လူထုကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများစွာဖြစ်စေသော ညစ်ညမ်းပစ္စည်းများစွာကိုလည်း တစ်ပါတည်း သယ်ဆောင်လာခဲ့သည်။

ထို့ပြင် လူမှုရေး၊ စီးပွားရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အကြောင်းအရာများနှင့် လူနေမှုပုံစံ အလေ့အထများသည် ယနေ့ရင်ဆိုင်နေရသော လေထုညစ်ညမ်းမှုပြဿနာနှင့် များစွာဆက်စပ်ပတ်သက်လျက်ရှိသည်။ အဆိုပါ လေထုညစ်ညမ်းမှုဖြစ်စေသော အရင်းအမြစ်များထဲတွင် လူသားတို့၏ လှုပ်ရှားဆောင်ရွက်မှုများကြောင့်ဖြစ်လာသော လေထုညစ်ညမ်းမှုသည် ယနေ့ကမ္ဘာပေါ်တွင် လူထုကျန်းမာရေးကို အကြီးအကျယ်ခြိမ်းခြောက်နေသော ကျန်းမာရေးပြဿနာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နှစ်စဉ်လူဦးရေ ကိုးသန်းခန့် သေဆုံးနေရသော အကြောင်းအရင်းတစ်ခုလည်းဖြစ်သည်။

လေထုညစ်ညမ်းမှု၏ ပတ်ဝန်းကျင်ဆိုင်ရာ အဓိကထိခိုက်မှုများအနေဖြင့် ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာကြီးပူနွေးလာမှု၊ ၎င်းတို့မှတစ်ဆင့် ထပ်ဆင့်ထိခိုက်မှုများဖြစ်သော စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေခဲများအရည်ပျော်ခြင်း၊ တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းလာခြင်း၊ သစ်တောသစ်ပင်နှင့် ကောက်ပဲသီးနှံများကို ပျက်စီးစေခြင်း စသည်တို့အား ဖြစ်ပွားစေသည်။

ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများတွင် တစ်ခုအပါအဝင်ဖြစ်သော ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများတွင် ကာလတိုထိတွေ့မှုကြောင့် ထိခိုက်မှုနှင့် ကာလရှည်ထိတွေ့မှုကြောင့် ထိခိုက်မှုဟူ၍ ခွဲခြားသတ်မှတ်နိုင်ပြီး ကာလတိုထိတွေ့မှုကြောင့် ထိခိုက်မှုအနေဖြင့် လေပြွန်ကျဉ်းရောဂါများ၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါများ ဖြစ်စေသည်။ ကာလကြာရှည်စွာ လေထုညစ်ညမ်းမှုနှင့် ထိတွေ့မှုကြောင့် နာတာရှည်ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ရောဂါများ၊ နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားစေပြီး ယင်းရောဂါများကြောင့် သေဆုံးနှုန်းကိုလည်း တိုးလာစေသည်။ ဆွီဒင်သိပ္ပံပညာရှင်များ၏ အဆိုအရ လေထုညစ်ညမ်းမှုနှင့် ကာလရှည်ထိတွေ့မှုသည် ဆီးချိုရောဂါကိုလည်း ဖြစ်စေသည်ဟု လေ့လာမှတ်သားရသည်။

လေထုညစ်ညမ်းမှု၏ အရင်းအမြစ်များကို လေ့လာကြည့်မည်ဆိုပါလျှင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ လူဦးရေတိုးပွားလာခြင်း၊ မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာခြင်းများကြောင့် လေထုညစ်ညမ်းမှုပြဿနာသည် ပိုမိုပြင်းထန်ကြီးမားလာနေသည်။ ဤပြဿနာသည် အထူးအားဖြင့် လူတန်းစားကွာဟမှုများပြီး ရေရှည်တည်တံ့ခိုင်မြဲသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ သတင်းအချက်အလက်နှင့် အလေ့အကျင့်မရှိသော နိုင်ငံများတွင် ပိုမိုဆိုးရွားလာစေပြီး အချိန်နှင့်အမျှ လေထုအရည်အသွေးကို လျော့ကျလာစေပါသည်။ ထင်း (သို့မဟုတ်) အစိုင်အခဲလောင်စာအသုံးပြုသော၊ ဝင်ငွေနည်းပါးသော ပြည်သူများသည် ၎င်းတို့၏ နေအိမ်အတွင်း၌ပင် အရည်အသွေးညံ့သော တစ်နည်းအားဖြင့် ညစ်ညမ်းသောလေကို ထိတွေ့ရှူရှိုက်နေရသည်။ လေ့လာတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်းလုံးတွင် လူဦးရေသန်းသုံးထောင်ခန့်သည် ၎င်းတို့၏ ချက်ပြုတ်ခြင်း၊ အပူပေးခြင်း လိုအပ်ချက်များအတွက် အဆိုပါ အစိုင်အခဲလောင်စာများကို နေ့စဉ်အသုံးပြုနေရသည်။ ထို့အတူပင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည်လည်း ၂၀၁၁ ခုနှစ်မှစတင်၍ မြို့ပြဒေသများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုများနှင့်အတူ လေထုညစ်ညမ်းမှုပမာဏသည်လည်း တဖြည်းဖြည်း တိုးတက်မြင့်မားလာလျက်ရှိသည်ကို တွေ့ကြုံနေရသည်။ အထူးသဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များသည် လူဦးရေသိပ်သည်းမှုနှင့် မြို့ပြဖွံ့ဖြိုးမှု (ဥပမာ– စက်ရုံများ၊ ရုပ်ကြွင်းလောင်စာဆီ အသုံးပြုမှုများ များပြားလာခြင်း) တို့ကို အဓိကတွေ့ကြုံနေရပြီး တစ်ချိန်တည်းတွင် လေထုညစ်ညမ်းမှုပြဿနာနှင့် ဆက်စပ်ထိခိုက်မှုများ ကြီးထွားလာနေသည်။ ထို့ပြင် မြို့ပြ/ကျေးလက်နေရာ အများအပြားတွင် ပြုလုပ်/ဖြစ်ပေါ်လေ့ရှိသော နွေရာသီအမှိုက်မီးရှို့မှု၊ တောမီးလောင်မှုများကလည်း လေထုညစ်ညမ်းမှု ဆိုးရွားစွာဖြစ်ပေါ်စေကာ ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှု အစီရင်ခံစာအရ မြန်မာနိုင်ငံ၌ ၂၀၁၇ ခုနှစ်တွင် လူဦးရေ ၄၅၀၀၀ ခန့်သည် လေထုညစ်ညမ်းမှု၏ အကျိုးသက်ရောက်မှုများကြောင့် သေဆုံးခဲ့ရသည်ဟု လေ့လာမှတ်သားရသည်။ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် သေဆုံးမှုနှုန်းသည် အခြားသောနိုင်ငံများထက် နှစ်ဆနီးပါး မြင့်မားလျက်ရှိသည်ကို တွေ့ရှိရသည်။

ယနေ့မျက်မှောက် ကမ္ဘာကို ကြည့်မည်ဆိုလျှင် အာရှနိုင်ငံများအနက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ၎င်းတို့၏ လျင်မြန်သော စက်မှုဖွံ့ဖြိုးမှုများကြောင့် လေထုညစ်ညမ်းမှု ပြဿနာကို ပြင်းထန်စွာကြုံတွေ့နေကြပြီး သမိုင်းမှတ်တမ်းအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း ၁၉၅၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် မီးခိုးမြူပမာဏသည် တစ်ကုဗမီတာတွင် ၁၅၀၀ မီလီဂရမ်သို့ ရောက်ရှိပြီး လူဦးရေ ၄၀၀၀ ခန့်အား သေဆုံးစေခဲ့သည်။ အလားတူပင် အခြားသော ကမ္ဘာနိုင်ငံများဖြစ်သည့် နယူးယောက်၊ မက္ကစီကိုစီးတီး၊ ရီယိုဒီဂျနေးယိုး၊ မီလန်၊ အန်ကာရာ၊ မဲလ်ဘုန်း၊ တိုကျိုနှင့် မော်စကိုမြို့တို့တွင်လည်း လေထုညစ်ညမ်းမှုပမာဏမှာ လူမှုပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိသည့်အဆင့်သို့ မြင့်မားတိုးတက်လျက်ရှိသည်။

အချုပ်အားဖြင့် လေထုညစ်ညမ်းမှု၏ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများကို အပိုင်း ခြောက်ပိုင်း ခွဲခြားသုံးသပ် ကြည့်ရှုနိုင်ပါသည်။ ပထမဦးစွာ နာတာရှည်ရောဂါများ၊ အာရုံကြောဆိုင်ရာရောဂါများ ဖြစ်ပွားစေခြင်းဖြင့် လူသားများနှင့် အခြားသော သက်ရှိများ၏ ကျန်းမာရေးကို ထိခိုက်စေသည်။ အပင်များ၏ ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုကို နှေးကွေးစေသည်။ တိရစ္ဆာန်များတွင် အစာအိမ်နှင့် ပတ်သက်သောရောဂါများ ဖြစ်ပွားစေသည်။ ကမ္ဘာကြီးပိုမိုပူနွေးလာခြင်း၊ အက်စစ်မိုးရွာသွန်းခြင်း၊ မြေဩဇာ(နိုက်ထရိုဂျင်)ပိုလျှံမှုနှင့် နောက်ဆက်တွဲပြဿနာများ (Eutrophication) တို့ကိုလည်း ရာသီဥတုဆိုင်ရာ ထိခိုက်မှုအနေဖြင့် တွေ့မြင်ကြရသည်။ ကျန်းမာရေးထိခိုက်မှုကြောင့် လုပ်သားများ၏ ကုန်ထုတ်စွမ်းအားလျော့ကျခြင်း၊ ကောက်ပဲသီးနှံများ အထွက်နှုန်း ကျဆင်းခြင်းတို့ဖြင့် စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများလည်း ဖြစ်စေသည်။ ကျန်းမာရေးထိခိုက်မှု၏ နောက်ဆက်တွဲ လူမှုနယ်ပယ်ဆိုင်ရာ ဆုံးရှုံးနစ်နာမှုများကိုလည်း တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ခံစားရစေသည်။ ဤနေရာတွင် အလေးထားသင့်သည့် အချက်မှာ လေထုညစ်ညမ်းမှုကြောင့် စာမျက်နှာ ၁၇ သို့

**❀ ယနေ့မျက်မှောက် ကမ္ဘာကို ကြည့်မည်ဆိုလျှင် အာရှနိုင်ငံများအနက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ၎င်းတို့၏ လျင်မြန်သော စက်မှုဖွံ့ဖြိုးမှုများကြောင့် လေထုညစ်ညမ်းမှု ပြဿနာကို ပြင်းထန်စွာကြုံတွေ့နေကြပြီး ၁၉၅၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ဆာလဖာဒိုင်အောက်ဆိုက် ဓာတ်ငွေ့နှင့် မီးခိုးမြူပမာဏသည် တစ်ကုဗမီတာတွင် ၁၅၀၀ မီလီဂရမ်သို့ ရောက်ရှိပြီး လူဦးရေ ၄၀၀၀ ခန့်အား သေဆုံးစေခဲ့**

**❀ အလားတူပင် အခြားသော ကမ္ဘာနိုင်ငံများဖြစ်သည့် နယူးယောက်၊ မက္ကစီကိုစီးတီး၊ ရီယိုဒီဂျနေးယိုး၊ မီလန်၊ အန်ကာရာ၊ မဲလ်ဘုန်း၊ တိုကျိုနှင့် မော်စကိုမြို့တို့တွင်လည်း လေထုညစ်ညမ်းမှုပမာဏမှာ လူမှုပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိသည့်အဆင့်သို့ မြင့်မားတိုးတက်လျက်ရှိ**

*စာမျက်နှာ ၁၆ မှ*

ထိခိုက်ခံစားရသူများ၏ ၉၀ ရာခိုင်နှုန်းသည် လူ့အဖွဲ့အစည်းမှ အဆင်းရဲဆုံး ပြည်သူများနှင့် ကလေးသူငယ်များဖြစ်နေသည်။

**ကာကွယ်တားဆီးနိုင်သည့် နည်းလမ်းများ**

သို့ဖြစ်ပါ၍ လေထုညစ်ညမ်းမှုပြဿနာကို ထိရောက်စွာ ဖြေရှင်းရေးသည် ယနေ့နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ ဖြစ်နေသည်။ ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သော WHO ၏ Global Conference on Air Pollution and Health တွင် WHO အကြီးအကဲ Dr. Tedros Adhanom Ghebreyesus က လေထုညစ်ညမ်းမှုကို Silent Public Health Emergency (သို့မဟုတ်) New Tobacco ဟူ၍ ကင်ပွန်းတပ် ခေါ်ဝေါ်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ပါရီသဘောတူညီချက်တွင် ပညာရေး၊ လေ့ကျင့်ရေး၊ လူထု အသိပညာပေးမှုနှင့် လူထုပါဝင်လုပ်ဆောင်မှုများကို မြှင့်တင်ပေးခြင်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာတွင် အဓိက လုပ်ဆောင်ရမည့် အရာများဖြစ်သည်ဟု ဖော်ပြထားသည်။ နည်းပညာဆိုင်ရာ တိုးတက်မှုများသည် လူသားတို့၏ နေ့စဉ်လှုပ်ရှားသွားလာမှုများကို ပိုမိုလွယ်ကူစေသည်မှာ မှန်ကန်သော်လည်း ယနေ့မျက်မှောက်အခြေအနေတွင် ၎င်းတိုးတက်မှုများမှ ဖြစ်လာသော အချို့သော လုပ်ဆောင်မှုများကို ကန့်သတ်တားဆီးမှသာလျှင် ကျွန်ုပ်တို့ မှီတင်းနေထိုင်ရာ ကမ္ဘာကြီးအား သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။ တိုးတက်မှု တစ်ရပ်အနေဖြင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပခဲ့သော (၂၇) ကြိမ်မြောက် UN-Conference of Parties (UN-COP27) တွင် ရာသီဥတုအကျပ်အတည်းဒဏ်ကြောင့် ထိခိုက်ခံစားရမှု အများဆုံးနိုင်ငံများ၏ ပျက်စီးဆုံးရှုံးမှုများကို ကုစားရန်အတွက် ရန်ပုံငွေတစ်ရပ်ကို ထူထောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါသမိုင်းဝင်ဆုံးဖြတ်ချက်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကောင်းမွန်သောအရွေ့တစ်ခုအဖြစ်ရှုမြင်၍ ကြိုဆိုလက်ခံရမည်ဖြစ်သည်။

လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရာတွင် ပုံ(၂) တွင် ပြထားသကဲ့သို့ပင် လူတိုင်းပါဝင်ဆောင်ရွက်နိုင်သည်။ ဥပမာအားဖြင့် ကိုယ်ပိုင်ယာဉ်အသုံးပြုမှု လျှော့ချ၍ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် (Public Transportation) ကို အဓိကအသုံးပြုခြင်း၊ ဆေးလိပ်သောက်သုံးမှု လျှော့ချခြင်း၊ ရုပ်ကြွင်းလောင်စာအသုံးပြုသော ကားများအစား လျှပ်စစ်ကားများ အသုံးပြုခြင်း၊ အိမ်သုံးအတွက် ထင်းအစားထိုးလောင်စာ အသုံးပြုခြင်း၊ သစ်ရွက်ဆွေးများကို မီးရှို့ခြင်းမပြုလုပ်ဘဲ အပင်များအတွက် ဇီဝမြေသြဇာအဖြစ် ပြန်လည်အသုံးပြုခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း စသည့် ရိုးရှင်းလွယ်ကူသည့် နည်းလမ်းများ အသုံးပြု၍ လေထုညစ်ညမ်းမှုကို လူသားတစ်ဦးချင်းစီက တာဝန်သိသိဖြင့် တားဆီးကာကွယ်နိုင်သည်။ အရွယ်ရောက်သစ်ပင်တစ်ပင်၏ နှစ်စဉ်ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူမှုပမာဏသည် ၂၁ ကီလိုဂရမ်ရှိပြီး ကားတစ်စီး၏ ၈၃ ကီလိုမီတာ မောင်းနှင်ရာမှ ထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏနှင့် ညီမျှသည်။ သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်အပြင် လေထုထဲရှိ အခြားသော Pollutants များကိုလည်း စုပ်ယူပေးနိုင်ပြီး ပတ်ဝန်းကျင်လေထုကို သန့်စင်စေသည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရာတွင် သစ်ပင်စိုက်ပျိုးခြင်းသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ပြင် လေထုညစ်ညမ်းမှုအရင်းအမြစ်များကို တိုက်ဖျက်ရန်အတွက် စက်ရုံအလုပ်ရုံများတွင် နည်းပညာတီထွင်ဆန်းသစ်မှုများနှင့် ပေါင်းစပ်ကာ ပုံ (၃)တွင် ပြထားသကဲ့သို့ တားဆီးကာကွယ်နိုင်ပါသည်။ စက်ရုံများမှ ထွက်ရှိလာသော ညစ်ညမ်းသော လေကို စွန့်ပစ်အမှိုက်နှင့်ပြုလုပ်ထားသော ဇီဝဓာတ်ပေါင်းဖို တစ်ခုအတွင်း ဖြတ်သန်းစေကာ သန့်စင်ပေးပြီး အခြားသော စွမ်းအင်အရင်းအမြစ် တစ်ခုကိုပါ ထုတ်လုပ်ပေးနိုင်သော စနစ်၏ ပုံစံငယ်ကို တင်ပြထားခြင်းဖြစ်သည်။

နိဂုံးချုပ်အားဖြင့် လေထုညစ်ညမ်းမှုအားထိန်းချုပ်ရန် အကောင်းဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းသည် ပိုမိုသန့်စင်သော လောင်စာ အစားထိုးအသုံးပြုရေးနှင့် အစိမ်းရောင် စက်မှုလုပ်ငန်းစဉ်များသို့ ကူးပြောင်းခြင်းကို အမြန်လုပ်ဆောင်ကြရန်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရန်အတွက် နေစွမ်းအင်၊ လေစွမ်းအင်၊ ရေစွမ်းအင်နှင့် ဇီဝစွမ်းအင်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များကို ပြောင်းလဲအသုံးပြုခြင်း၊ ရရှိထားသော စွမ်းအင်များကို အလေအလွင့်မရှိစေဘဲ ထိရောက်စွာအသုံးပြုခြင်း၊ လက်ရှိကျွန်ုပ်တို့ အသုံးပြုနေသော ရုပ်ကြွင်းလောင်စာဆီသုံးကားများ၊ ယာဉ်များကို လျှပ်စစ်ကား၊ လျှပ်စစ်ယာဉ်များဖြင့် အစားထိုးအသုံးပြုခြင်း စသည်တို့ကို လုပ်ဆောင်ခြင်းအားဖြင့် လေထုညစ်ညမ်းမှု စတင်ဖြစ်ပေါ်ရာ အရင်းအမြစ်များကို ဖယ်ရှားပြီးသား ဖြစ်သွားပါလိမ့်မည်။ ကမ္ဘာလုံးဆိုင်ရာ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး ပေါ်လစီတစ်ရပ်ချမှတ်ပြီး လူသားတို့၏ လုပ်ဆောင်မှုများကြောင့် ဖြစ်လာနိုင်သော လေထုညစ်ညမ်းမှု အန္တရာယ်ကို ကာကွယ်နိုင်သကဲ့သို့ တစ်ချိန်တည်းတွင် အထောက်အထားခိုင်မာသော သုတေသနရလဒ်များကို အခြေခံ၍ လူထုကို အသိပညာပေးခြင်း၊ လက်တွေ့ကျင့်သုံးစေခြင်းများ ပြုလုပ်သင့်သည်။ အရေးအကြီးဆုံးအချက်မှာ ပိုမိုသန့်စင်သော လေနှင့် ရေရရှိရေး တွန်းအားပေးလုပ်ဆောင်သော၊ ရာသီဥတုပြောင်းလဲမှုအတွက် မှန်ကန်သင့်မြတ်စွာ အဆင့်ဆင့် တာဝန်ယူဆောင်ရွက်ပေးတတ်သော ခေါင်းဆောင်များကို အားပေးထောက်ခံ၍ ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ကြရန်ဖြစ်ပါသည်။ ။

**ကျမ်းကိုးစာရင်း**


၁။ WHO. Air Pollution. WHO. Available online at: http:// www. who. int/ airpollution/ en/ (accessed August 5, 2022).

၂။ WHO. First WHO Global Conference on Air Pollution and Health. (2018). Available online at: https://www.who. int/airpollution/events/conference/ en/.

၃။ Myanmar – Country Environmental Analysis: A Road towards Sustainability, Peace, and Prosperity (Vol. 2): Executive Summary (English). (2019) The World Bank.

၄။ Kirt A. Air pollution: The other invisible menace, Frontier (2021).

၅။ Khin Hnin Yu, Faruk Can & Pnar Ergenekon (2022) Nitric oxide and nitrite removal by partial denitrifying hollow-fiber membrane biofilm reactor coupled with nitrous oxide generation as energy recovery, Environmental Technology, 43:19, 2934–2947, DOI: 10.1080/ 09593330.2021.1910348.





(၂)




(၃)

## အင်္ဂပူမြို့၌ အထူးကုဆရာဝန်ကြီးများက အခမဲ့ ဆေးဝါးကုသပေး

**အင်္ဂပူ မတ် ၂၀**

ဟင်္သာတမြို့မှဆေးရုံအုပ်ကြီး ဒေါက်တာဌေးဌေးလှိုင် ဦးဆောင်သော အထွေထွေရောဂါ၊ အရိုးအကြော၊ ကလေးအထူးကု၊ သားဖွားမီးယပ်၊ မျက်စိအထူးကု၊ နား၊ နှာခေါင်း၊ အရေးပြား အထူးကုဆရာဝန်ကြီးများ အဖွဲ့က အင်္ဂပူမြို့မှ ပြည်သူများအား အင်္ဂပူမြို့အားကစားခန်းမ၌ မတ် ၁၈ ရက်က အခမဲ့ ဆေးဝါးကုသပေးသည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ ပူးပေါင်း၍ အခမဲ့ ဆေးဝါးကုသခြင်းကို ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါ အခမဲ့ ဆေးကုသပေးရာသို့ တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမျိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးပပစိုးရည်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အင်္ဂပူမြို့နယ်အတွင်းမှ ပြည်သူ ၈၀၀ ခန့် အခမဲ့ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။



မန်းကျော်(ပြန်/ဆက်)

## ဂွမြို့နယ် တိုင်ကျိုးကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်

**ဂွ မတ် ၂၀**

ရခိုင်ပြည်နယ် ဂွမြို့နယ် တိုင်ကျိုးကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လူထုဗဟိုပြုစီမံကိန်း နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၄၁ သန်းဖြင့် အလျား ပေ ၇၀၊ အနံ ၄၆ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမကို တည်ဆောက်နေခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် တာဝန်ရှိသူများက မတ် ၁၈ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ ရွှေရည်ဝင်းကျော်

## ဆိပ်ဖြူမြို့ ကြက်သွန်နီဈေးကွက်သို့ တစ်ရက်လျှင် ပိဿာငါးသောင်းခန့် ဝင်ရောက်လျက်ရှိ



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့တွင် ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မတ်လ ပထမပတ်အတွင်း ကြက်သွန်နီပင်စိုက် (အသစ်)များ တစ်ရက်လျှင် ပျမ်းမျှကုန်ချိန် ပိဿာ ငါးသောင်းခန့်၊ တစ်ပတ်အတွင်း စုစုပေါင်း ပိဿာချိန် သုံးသိန်းခွဲခန့် ကုန်စည်ဒိုင်သို့ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ မတ်လဒုတိယပတ်အတွင်း ကြက်သွန်နီ တစ်ပိဿာ ဈေးနှုန်းမှာ အမြင့်ဈေး ထိပ်စ (ရှယ်) ငွေကျပ် ၁၀၀၀ မှ ၉၅၀၊ အလတ်စငွေကျပ် ၉၀၀ မှ ၈၅၀၊ အသေးစငွေကျပ် ၈၀၀ မှ ၇၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်မတ်လ ပထမပတ်တွင် ကြက်သွန်နီ ထိပ်စအမြင့်ဆုံးဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ မတ်လ ဒုတိယပတ်တွင် ထိပ်စ(ရှယ်) ငွေကျပ် ၁၅၀၊ အလတ်စနှင့် အသေးစတို့မှာ ငွေကျပ် ၁၀၀ စီခန့် ဈေးနှုန်း အနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဆိပ်ဖြူမြို့မှ ကြက်သွန်နီများကို အခြားတိုင်းဒေသကြီးများ ဖြစ်သော ရန်ကုန်(ဘုရင့်နောင်ပွဲရုံ)၊ ပြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး (ပုသိမ်မြို့) နှင့် မော်လမြိုင်မြို့များသို့ တင်ပို့လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် မြဝတီဝယ်လက်မှတစ်ဆင့် ဗီယက်နမ်နိုင်ငံ၊ မူဆယ်မြို့မှ တစ်ဆင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိရာ မတ်လ ဒုတိယပတ်အတွင်း စုစုပေါင်းပျမ်းမျှ ပိဿာချိန် နှစ်သိန်း၊ အိတ်ရေအားဖြင့် ၈၅၇၁ အိတ်၊ တန်အားဖြင့် တန်ချိန် နှစ်သောင်းခန့် ကုန်စည် စီးဆင်းခဲ့ကြောင်း သတင်းရရှိသည်။

DOCA(မကွေး)

## တရုတ်နိုင်ငံ၌ ကျင်းပမည့် ၂၀၂၃ ခုနှစ် ကော်ဖီပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ China International Exhibition Center ၌ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် ၂၀၂၃ ခုနှစ် ကော်ဖီပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ ကော်ဖီစိုက်တောင်သူများအသင်း၊ ကော်ဖီထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များ ဝင်ရောက်ပြသနိုင်ကြောင်းနှင့် ပြခန်းနေရာများ၊ ကော်ဖီအရောင်းမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များ၊ ဝင်ခွင့်လက်မှတ်များကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်တွေ့ဆုံမှုများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအပြင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်နိုင်ကြောင်း သတင်းရရှိသည်။

## မောင်တောကုန်သွယ်ရေးစခန်း လျာထားချက်အပေါ် ၁၄၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်

မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၁ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၀ ဒသမ ၅ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၅ သန်းဖြစ်သည်။ မတ် ၁၉ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁၆ ဒသမ ၅၅ ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၀၄၄ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁၆ ဒသမ ၅၉၄ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပြီး တစ်နှစ်လုံး၏ လျာထားချက်အပေါ် ၁၄၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။



ပို့ကုန်တွင် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ကြက်သွန်ဖြူ၊ ပန်းသီး၊ ကွမ်းသီး၊ ထန်းလျက်၊ အုန်းသီး၊ ငရုတ်သီးခြောက်၊ ဆီးသီးခြောက်၊ သရက်သီးတို့နှင့် ရေထွက်ပစ္စည်းများမှာ ငါးမြစ်ချင်း၊ ငါးသလောက်၊ ငါးခေါင်းပွ၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ငါးကုန်းညိုခြောက်၊ ပုစွန်ခြောက်တို့ဖြစ်ပြီး စက်မှုကုန်ချောပစ္စည်းမှ လူကြီးစီးဖိနပ်၊ သနပ်ခါးခဲ၊ ဆီးယိုထုပ်၊ ကော်ဖီမစ်၊ ဆန်ကြာဆံတို့တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တွင် ပလတ်စတစ်ပိုက်၊ အလူမီနီယံရေအိုးတို့တင်သွင်းခဲ့သည်။

၂၀၂၃ ခုနှစ် မတ် ၂၀ ရက်တွင် ပြင်ပ ငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ငွေကျပ်၂၈၄၁၊ ၁၁၅ တာကာ၊ ၁၀၀ ကျပ်လျှင် ၄ ဒသမ ၀၈ တာကာ၊ တစ်တာကာလျှင် ငွေကျပ်၂၄ ဒသမ ၇၀ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

## Combodia-International Science, Technology & Innovation Expo သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Koh Pich Exhibition & Convention Center ၌ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က ကြီးမှူး၍ မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် Combodia-International Science, Technology & Innovation Expo သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

အဆိုပါပြပွဲအား ကမ္ဘောဒီးယားနိုင်ငံ၌ နှစ်စဉ်ကျင်းပသွားရန် ရည်ရွယ်ထားသည်။ ပြပွဲသို့ မြန်မာနိုင်ငံမှ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများအား ပါဝင်ပြသနိုင်ရေးအတွက် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသခြင်းဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်တွေ့ဆုံခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအတွက် အခွင့်အလမ်းများရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်နိုင်ကြောင်း သတင်းရရှိသည်။

## ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိက တင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့နှင့် ဆီအုန်းတို့ဖြစ်သည်။

မတ် ၁ ရက်မှ ၁၉ ရက်အထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၀၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၈၂ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆၈၇ သန်း ဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ဆီအုန်း၊ ဓနိအုန်း၊ ဓနိဖက်တို့ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပီလောပီနံမှုန့်၊ ကြွေပြား၊ ဆား၊ ကုန်စုံ၊ စတီးဝိုင်ယာကြိုး၊ ဒီဇယ်၊ ဓာတ်ဆီ၊ ဆီလီကွန်၊ ဆာလဖာ၊ ကျောက်ချဉ်၊ မီးသွေးမှုန့်၊ ရေသန့်စင်စက်၊ ရေကူးကန်သုံးအပိုပစ္စည်း၊ နိုင်လွန်ကြိုး၊ ငါးဖမ်းပိုက်ကွန်၊ ငှက်သိုက်နှင့် သင်္ဘောအပိုပစ္စည်းတို့ဖြစ်သည်။

မတ် ၂၀ ရက်တွင် ပြင်ပငွေလဲနှုန်းမှာ မြန်မာ ငွေကျပ်တစ်သိန်းလျှင် ဘတ် ၁၁၉၀၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၄ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။

## ပြင်ဦးလွင် စတော်ဘယ်ရီ လှိုင်လှိုင်ပေါ်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၏ ဒေသထွက်ကုန်တစ်ခုဖြစ်သော စတော်ဘယ်ရီသီးနှံသည် ဇန်နဝါရီလလယ်မှစတင်၍ ထွက်ပေါ်ခဲ့ရာ လက်ရှိတွင် လှိုင်လှိုင်ထွက်ပေါ်နေပြီး ရောင်းအားအကောင်းဆုံးဖြင့် အကျိုးအမြတ်ရရှိနေကြောင်း၊ ယခင်နှစ်၌ စတော်ဘယ်ရီသီးနှံ ဧက ၂၀၀ စိုက်ပျိုးခဲ့ပြီးယခုနှစ်တွင် ၂၃၁ ဧကဖြင့် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် သွင်းအားစုနှင့် အလုပ်သမားစရိတ်များလည်း နှစ်ဆကျော်ကုန်ကျသော်လည်း တောင်သူအများစုမှာ မိရိုးဖလာအစဉ်အဆက် ဆက်လက်စိုက်ပျိုးနေကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ယခုနှစ်တွင် စတော်ဘယ်ရီတစ်ဧကလျှင် ငွေကျပ် ၂၅-၃၀ သိန်းခန့် ကုန်ကျကြောင်း၊ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၅-၂၀ သိန်းရရှိပြီး စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ခုနစ်လကျော်ကြာမြင့်ကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် စတော်ဘယ်ရီသီးစတင်ထွက်ပေါ်ချိန်တွင် စတော်ဘယ်ရီချိုမွှေးသီး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ စတော်ဘယ်ရီရိုးရိုးအကျွတ်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀၊ စတော်ဘယ်ရီဖျော်ရည်သီး (ဒေသမျိုး) တစ်ပိဿာလျှင် ငွေကျပ်၁၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုလှိုင်လှိုင်ပေါ်ချိန်တွင် စတော်ဘယ်ရီချိုမွှေးသီး တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၊ စတော်ဘယ်ရီ ရိုးရိုးအကျွတ်သီး တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀၊ စတော်ဘယ်ရီဖျော်ရည်သီး (ဒေသမျိုး) တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးကွက်အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

DOCA(မန္တလေး)





# ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ်အမှတ် (၉) ရာဇသတ်ကြီး (မြန်မာ-အင်္ဂလိပ်) စာအုပ်ထုတ်ဝေ

**နေပြည်တော် မတ် ၂၀**

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုပြီးသည့် ဥပဒေများကို စာအုပ်ထုတ်ဝေလျက်ရှိရာ ဘာသာပြန်စာအုပ်အမှတ် (၉) ရာဇသတ်ကြီး စာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

ဥပဒေဘာသာပြန် ကော်မရှင်အဖွဲ့ကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်သည်။

ဥပဒေဘာသာပြန် ကော်မရှင်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ကိုလိုနီခေတ်က အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိရာ ၁၈၆၀ ခုနှစ်က ပြဋ္ဌာန်းခဲ့သော Penal Code ကို ရာဇသတ်ကြီးအဖြစ် ထုတ်ဝေခြင်းဖြစ်ပြီး အဆိုပါရာဇသတ်ကြီးစာအုပ်သည် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ အရ မူလစာမူနှင့် အလားတူအာဏာတည်ကြောင်း၊ ၁၆-၉-၂၀၂၂ ရက်နေ့တွင် ဥပဒေဘာသာပြန် ကော်မရှင်ဥက္ကဋ္ဌက အမိန့်အမှတ် ၇/၂၀၂၂ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဥပဒေလေ့လာဖတ်ရှုလိုသူများ ပိုမိုအဆင်ပြေစေရေးအတွက် အဆိုပါ ရာဇသတ်ကြီးစာအုပ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထပ်မံပုံနှိပ်ထုတ်ဝေထားကြောင်းနှင့် ရာဇသတ်ကြီး (မြန်မာ-အင်္ဂလိပ်) စာအုပ်သည် တရားဝင်ကိုးကားသုံးစွဲနိုင်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာ လေ့လာလိုသူများအတွက် အဖိုးတန်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး လူတိုင်းအတွက် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**




## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ရတနာပုံကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မြစကြာကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇောတိတာရုံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေဟင်္သာတောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ထူပါဇေယျုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ မွန်ပရိယတ္တိ စာသင်တိုက်နှင့် လှိုင်မြို့နယ်ရှိ ဝါယာလက် ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာတိလောကာရုံကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပညာစက္ကရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ စန္ဒိမာရာမကျောင်းတိုက်၊ အမရပူရမြို့နယ်ရှိ ဆင်ဖြူမယ်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မြနန္ဒာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ဆုထူးပန်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ မျက်စိခွဲစိတ်လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂၀**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်)ဖြင့် တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ပေါက်တောမြို့နယ် ပြိုင်းတောင်ကျေးရွာအုပ်စု စိုးမဲကျီကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ်လူနာခြောက်ဦးကို ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ မျက်စိခွဲစိတ်လူနာများကို မျက်မှန်များတပ်ဆင်ပေးပြီး **(အောက်ဝဲပုံ)** အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။ ယင်းနောက် အဆိုပါလူနာများကို စိုးမဲကျီဆိပ်ကမ်းသို့ တပ်မတော်ရေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးသည်။



ဆက်လက်၍ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့နံနက်ပိုင်းတွင် ပေါက်တောမြို့နယ် ပြိုင်းတောင်ကျေးရွာအုပ်စု စိုးမဲကျီကျေးရွာမှ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့သို့ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆက်လက်ထွက်ခွာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၃ - ၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၂၆၈၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၅၈၆၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၇၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၉၀ ကျပ် | ၂၁၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၇၀ ကျပ် | ၂၂၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၃၅ ကျပ် | ၂၀၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၂၀ ကျပ် | ၂၁၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၆ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၄ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၆၂၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၀၆ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၈ . ၂၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ . ၉၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၀၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၃၀၀ | ၆၃၂ | ၅၁၂၃၆၀၀ |
| MTSH | ၃၁၅၀ | ၃၂၀၀ | ၃၄၁ | ၁၀၇၄၆၅၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၃ | ၂၂၅၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၅၉ | ၂၄၆၄၅၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁ | ၂၇၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂ | ၅၄၀၀ |
| AHP | ၄၉၀၀ | ၄၈၀၀ | ၂၆၁ | ၁၂၇၈၈၀၀ |

ညီညီ - စုစည်းသည်

# မြန်မာ - တရုတ် နှစ်နိုင်ငံ စီးပွားရေးကဏ္ဍများအတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၂၀

**မြန်မာဝင်း(န်)ကျိုး အထွေထွေလုပ်မှုစီးပွားဖွံ့ဖြိုးရေးအဖွဲ့တည်ထောင်ခြင်း အခမ်းအနားနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံ စီးပွားရေးကဏ္ဍများအတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို မတ် ၁၈ ရက် ညနေပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte ဟိုတယ်၌ ကျင်းပသည်။**




အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး စီးပွားရေးသံမှူး Mr.Tan Shufu၊ မြန်မာနိုင်ငံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးသန့်စင်လွင်၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး အဖွဲ့တည်ထောင်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ နှစ်နိုင်ငံ စီးပွားရေးကဏ္ဍများအတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌက "မြန်မာ ဝင်း(န်)ကျိုး အထွေထွေ လုပ်မှုစီးပွား ဖွံ့ဖြိုးရေးအဖွဲ့က ယန်စီမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်နေတဲ့ အသင်းဖြစ်တယ်။ နောက်တစ်ခုက ပင်လယ်ကမ်းရိုးတန်းဒေသရဲ့ ဆိပ်ကမ်းမြို့ကြီးလည်းဖြစ်တယ်။ အဲဒီမြို့မှာ တည်ထောင်ထားတဲ့အသင်းပါ။ နောက်ပြီး အိုင်တီနဲ့ ပတ်သက်တာတွေ၊ လျှပ်စစ်နဲ့ပတ်သက်တဲ့လုပ်ငန်းတွေ လုပ်တယ်။ နောက် သားရေနဲ့ထုတ်လုပ်တဲ့ လုပ်ငန်းတွေလည်း လုပ်တယ်။ အဲဒါတွေကို တရုတ်နိုင်ငံမှာ အကြီးအကျယ် လုပ်နေတယ်။ ကုမ္ပဏီပေါင်း ၂၀၀ ကျော် လောက်ဖြန့်ပြီးတော့ ကမ္ဘာ့နိုင်ငံအသီးသီးကိုလွှတ်ပြီးတော့ ဆောင်ရွက်နေတဲ့ အသင်းကြီးတစ်သင်းလည်း ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ရင်းနှီးမြှုပ်နှံဖို့ လိုအပ်တယ်။ မြန်မာနိုင်ငံကလည်း ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နေတဲ့ အချိန်အခါဖြစ်တယ်။ ကျွန်တော်တို့ကလည်း စက်မှုဇုန်ကြီးသုံးခု ထူထောင်နေတာရှိတယ်။ ထားဝယ်ဆိပ်ကမ်းရှိတယ်။ ကျောက်ဖြူဆိပ်ကမ်းရှိတယ်။ နောက် သီလဝါဆိပ်ကမ်းရှိတယ်။ သူတို့က လာရောက် ရင်းနှီးမြှုပ်နှံရင် ကျွန်တော်တို့ကလည်း ဒီမှာ အဆင်သင့် စက်မှုဇုန်ကြီးတွေထူထောင်နေတာ ရှိနေတော့ အဲဒါနှစ်ခုပေါင်းလိုက်ရင် နှစ်နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ပိုကောင်းလာမယ်လို့ ယူဆပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီအဖွဲ့တွေကို ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

**အာကာလင်း**

# ချောင်းသာကမ်းခြေ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**ချောင်းသာ မတ် ၂၀**

တက္ကသိုလ်ဝင် စာမေးပွဲရက်များ အလွန်တွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့သို့ ယခင်ပုံမှန်ရက်များထက် ခရီးသည်ဝင်ရောက်မှု ပိုမိုများပြားလာလျက်ရှိပြီး မတ် ၁၉ ရက်တွင် ချောင်းသာကမ်းခြေ၌ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။



"တက္ကသိုလ်ဝင် ကလေးတွေ စာမေးပွဲပြီးသွားတာလည်း ပါမယ်ထင်တယ်၊ ကျောင်းသားအရွယ်တွေ၊ လူကြီး၊ လူငယ်၊ လူလတ်အစုံ လာလည်ကြတာများတယ်။ တစ်နေ့ထက်တစ်နေ့ ပိုစည်လာပါတယ်။ ဈေးလည်း အရင်ရက်တွေထက် ပိုရောင်းနေရတယ်"ဟု ချောင်းသာကမ်းခြေတွင် ဈေးရောင်းလုပ်ငန်း လုပ်ကိုင်နေသူ ဦးဆန်းမင်းက ပြောသည်။

ချောင်းသာမြို့သို့ အပန်းဖြေရန် ခရီးသည်ဝင်ရောက်မှု ယခင်ရက်များထက် တစ်နေ့တခြား ပိုမိုများပြားလာခြင်း နှင့်အတူ ကမ်းခြေတွင် ဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်ရေးအတွက် ကမ်းခြေတွင် ဈေးရောင်းချနေသည့် ဈေးသည်များ သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ရောင်းချစေရေးနှင့် မော်တော်ယာဉ်များ အဆင်ပြေစွာ စနစ်တကျရပ်နားနိုင်ရေး လိုအပ်ချက်များကို မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့များနှင့် ကမ်းခြေ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။ **ကျော်ကျော်(ပြန်/ဆက်)**

# စလင်းမြို့နယ် ရွာနှစ်ရွာမှ အိမ်ခြေ ၁၀၀ ကို သဘာဝဘေးခံနိုင်သော အိမ်များဖြစ်စေရန် ပြုပြင်ပေး

**စလင်း မတ် ၂၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ နေအိမ်များကို သဘာဝဘေးဒဏ်ခံနိုင်သောအိမ်များ ဖြစ်စေရန် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပြုပြင်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၈ ရက်တွင် လေးရွာကျေးရွာနှင့် သစ်ခွင်ကျေးရွာမှ ပြည်သူများ၏ နေအိမ် ၁၀၀ ကို ပြုပြင်မှုများ ဆောင်ရွက်ပေးပြီး ပွင့်ဖြူမြို့နယ် ဦးစီးအရာရှိ ဒေါ်ကေသွယ်ဝင်း၊ စလင်းမြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှူး ဒေါ်ဝင့်သီတာမောင်နှင့် တာဝန်ရှိသူများက မတ် ၁၉ ရက်တွင် ကွင်းဆင်းကြည့်ရှုသည်။

စလင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများ၌ နွေဦးကာလနှင့် မိုးကြိုကာလတွင် လေပြင်းတိုက်ခတ်မှုများဖြစ်လေ့ရှိသဖြင့် ကျေးရွာများအတွင်းရှိ နွမ်းပါးသောအိမ်ထောင်စုများ၊ အိုမင်းမစွမ်းသူများ၏ နေအိမ်များ လေပြင်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းပါးစေရန် ခရိုင်၊ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဖေဖော်ဝါရီ ၂၂ ရက်က လေးရွာကျေးရွာနှင့် သစ်ခွင်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ နေအိမ်ပြုပြင်ရန် အသုံးစရိတ်များ ချထားပေးခဲ့ပြီးနောက် မတ် ၁၈ ရက်မှစ၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းကာ ပြုပြင်ပေးခြင်းဖြစ်သည်။

လေးရွာကျေးရွာ၌ အိမ်ခြေ ၅၀၊ သစ်ခွင်ကျေးရွာ၌ အိမ်ခြေ ၅၀ တို့ကို လေပြင်းဒဏ်ခံနိုင်စေရန် အားဖြည့်ပြင်ဆင်မှုအဖြစ် ဝါးထရံအသစ်လဲတပ်ဆင်ခြင်း၊ သက်ငယ်အမိုးများ မိုးခြင်း၊ ဝါးကြမ်းခင်းများ အသစ်ပြုပြင်ပေးခြင်း၊ အိမ်တိုင်များအသစ်လဲပေးခြင်း၊ သွပ်နန်းကြိုးများတုပ်ခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြစ်ကာ တစ်အိမ်လျှင် ကျပ် ၄၅၀၀၀ နှုန်းဖြင့် အိမ်ခြေ ၁၀၀ အတွက် ကျပ် ၄၅ သိန်း အကုန်အကျခံ၍ ပြုပြင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချင်းရွှေဟော်နယ်စပ်ဂိတ်အနီး ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် တာဝန်ရှိသူများကွင်းဆင်းဆောင်ရွက်

**ချင်းရွှေဟော် မတ် ၂၀**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့ရှိ တရုတ်-မြန်မာ နယ်စပ်ဂိတ်ကို နှစ်နိုင်ငံသဘောတူညီမှုဖြင့် ပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက် ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်လိုင်းများ တိုးပွားလာခြင်းကြောင့် နယ်စပ်ဂိတ်ပေါက်အနီး ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန် မြို့အုပ်ချုပ်ရေးမှူး ဦးသက်ပိုင်ဦး ဦးဆောင်၍ အမှတ်(၁၂၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်စိတ်(၁) နှင့် စည်ပင်သာယာရေး ဦးစီးဌာနမှ တာဝန်ရှိသူများက မတ် ၁၉ ရက်တွင် ဆောင်ရွက်ခဲ့သည်။



အမှတ်(၁)ရပ်ကွက် ပြည်ထောင်စုလမ်းမတစ်လျှောက် လမ်းမပေါ်နေရာယူပြီး ဆိုင်များဖွင့်လှစ်နေခြင်းကို ရှင်းလင်းရန်၊ မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာ ရပ်နားခြင်းများကို သတ်မှတ်နေရာအတွင်း ရပ်နားရန်၊ ကုန်သွယ်ရေးစခန်းရှိ ယာဉ်များသွားလာရေးကို ပိတ်ဆို့မှု မဖြစ်စေရန် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ချင်းရွှေဟော်မြို့ နမ့်ဖာဟော်နယ်စပ်ဂိတ်သည် မြန်မာနိုင်ငံ၏ ဒုတိယအရေးပါသော ကုန်သွယ်ရေးစခန်းဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့မှုများကြောင့် အကောက်ခွန်ဆောင်ရွက်မှု၏ လုပ်ငန်းများကို နှောင့်နှေးစေကာ နှစ်နိုင်ငံကြား ကုန်သွယ်မှုကို ထိခိုက်စေနိုင်သောကြောင့် ကုန်သွယ်မှုပိုမိုမြန်ဆန်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**

# မိုးညှင်းမြို့၌ အချိန်အခါမဟုတ် လေပြင်းတိုက်ပြီး မိုးသည်းထန်သဖြင့် အိမ် ၁၃ လုံး ပျက်စီး

**မိုးညှင်း မတ် ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ မတ် ၁၈ ရက် ညနေ ၆ နာရီခန့်က အချိန်အခါမဟုတ် လေပြင်းများတိုက်ခတ်လာပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ် ၁၃ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် မိုးညှင်းမြို့နယ် ဟဲလုံကျေးရွာအုပ်စုအတွင်းရှိ ပျဉ်ထောင်အိမ် ကိုးလုံးနှင့် မြေစိုက်အိမ် လေးလုံးတို့တွင် ထရံကာများ ပြုတ်ထွက်ခြင်း၊ သက်ငယ်နှင့် သွပ်မိုးများ လန်ထွက်ခြင်းစသည့် တစ်စိတ်တစ်ပိုင်း ပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှု တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## အပြည်ပြည်ဆိုင်ရာ မြင်းစီးနည်းပြ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၀

မြင်းစီးအားကစား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြင်းစီးအားကစားပြိုင်ပွဲများနှင့် နည်းစနစ်သင်တန်းများကို မတ် ၂၅ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ သိရသည်။ အဆိုပါသင်တန်းတွင် အပြည်ပြည်ဆိုင်ရာ မြင်းစီးနည်းပညာသင်တန်းများဖြစ်သည့် Groom(Jr+Sn) Certificate၊ Stable Supervisor Certificate၊ General Riding (In tor)Certificate၊ Coach(In tor) Certificate သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့တက်ရောက်လိုသည့် သင်တန်းသားများသည် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အသင်းဝင်ဖြစ်ပြီး မြင်းစီးအားကစားအတွေ့အကြုံ ငါးနှစ်ရှိရမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအားကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၅)ရပ်ကွက်နေသူများဖြစ်ကြသည့် အောင်ဇင်ထွန်း (ခ)အောင်ကြီးနှင့် မြတ်နိုးနွယ် တို့သည် ၎င်းတို့အသုံးပြုသည့် “Aung Gyi” Facebook အကောင့်၊ “Myat Noe Nwe” Facebook အကောင့်၊ အမှတ် (၃) ရပ်ကွက်နေ ဇော်ကြီး(ခ)ဇော်ဝင်းနိုင် သည် ၎င်းအသုံးပြုသည့် “Zaw Gyi” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ရှမ်းရွာကျေးရွာနေ ရွှေဇင်(ခ) နန်းနန်းသည် ၎င်းအသုံးပြုသည့် “မနန်း” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်းအား နင်းမိပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူ သုံးဦးသေ၊ နှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်း-ကျောက်ကြီးသွား ကားလမ်းပေါ်ရှိ ညောင်ကုန်းတံတားရှောင်ကွင်းလမ်း၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်းကို ယနေ့နံနက်ပိုင်းတွင် ကျောက်ကြီးမြို့နေဒေသခံပြည်သူများ လိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီး နင်းမိပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံး၊ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်း နင်းမိပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် မော်တော်ယာဉ်။

ဖြစ်စဉ်မှာ ကျောက်ကြီးမြို့နေ ဦးကြင်ကောက် မောင်းနှင်ပြီး အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ လိုက်ပါလာသည့် လိုက်ထရပ်အမျိုးအစား မော်တော်ယာဉ်သည် ကျောက်ကြီးမြို့မှ နတ်သံကွင်းဘက်သို့ သွားရောက်စဉ် ယနေ့နံနက် ၈ နာရီခွဲခန့်တွင် ညောင်ကုန်းတံတားရှောင်ကွင်းလမ်း နေရာသို့ အရောက်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်းအား နင်းမိပေါက်ကွဲခဲ့ပြီး မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့မှာ နေရာတွင် သေဆုံးခဲ့ပြီး အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့မှာ မိုင်းစထိမှန် (စိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒဏ်ရာရရှိသူများကို ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကျောက်ကြီးမြို့နေ ဦးကြင်ကောက် မောင်းနှင်သည့် လိုက်ထရပ် (အဖြူရောင်) ယာဉ် ကားမိုင်းနင်းမိပေါက်ကွဲသည့် ဖြစ်စဉ်နေရာပြပုံ





## မြိုင်မြို့နယ် သရက်ကွကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ် နှစ်စီးဖြင့် Drop Bomb များ ဆင်ခြင်တုံတရားမဲ့စွာ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဘုရားစောင်းတန်းနှင့် အပြစ်မဲ့အရပ်သားပြည်သူများ၏ နေအိမ်အမိုးများပျက်စီး

**နေပြည်တော် မတ် ၂၀**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် သရက်ကွကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ် နှစ်စီးဖြင့် Drop Bomb များ ဆင်ခြင်တုံတရားမဲ့စွာ ပစ်ချတိုက်ခိုက်သဖြင့် ဘုရားစောင်းတန်းနှင့် အပြစ်မဲ့အရပ်သားပြည်သူများ၏ နေအိမ်အမိုးများ ပျက်စီးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် နံနက် ၉ နာရီ ၅၅ မိနစ်ခန့်တွင် သရက်ကွကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက အဆိုပါကျေးရွာ၏ အနောက်တောင်ဘက် ၁ မိုင်ခန့်အကွာမှ Drone ယာဉ် နှစ်စီးဖြင့် Drop Bomb များ လာရောက်ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကျေးရွာအတွင်း Drop Bomb ၁၅ လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကျေးရွာရှိ ရွှေတောင်သာ ဘုရားစောင်းတန်းရှိ သွပ်မိုးနှစ်ချပ်နှင့် လူနေအိမ် ငါးလုံး၏ သွပ်မိုးများ ဖုံးသီးစထိမှန်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်လျက်ရှိသော ကျေးရွာအတွင်းသို့ Drone ယာဉ် နှစ်စီးဖြင့် Drop Bomb များ ဆင်ခြင်တုံတရားမဲ့စွာ ပစ်ချတိုက်ခိုက်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များအား နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၈ ဒသမ ၄ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂၁ ဘီလီယံ တန်ဖိုးရှိ ဘိန်းဖြူ ၄၈ ဒသမ ၄ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ (၁၆)မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်အားရှောင်ကွင်း၍ မူးယစ်ဆေးဝါးများကို LAND CRUISER မော်တော်ယာဉ်ဖြင့် သယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ ပိတ်ဆို့ရှာဖွေရေး ဆောင်ရွက်နေစဉ် မတ် ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သတင်းရရှိထားသော မသင်္ကာယာဉ်ရောက်ရှိလာသဖြင့် ရှာဖွေစစ်ဆေးရန် ရပ်တန့်စေရာ ရပ်တန့်စစ်ဆေးခံခြင်းမရှိဘဲ အရှိန်မြှင့်မောင်းနှင်ထွက်ပြေးသဖြင့် ပူးပေါင်းအဖွဲ့က ပိတ်ဆို့ဖမ်းဆီးခဲ့ရာ ညနေ ၃ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် ၅၈ (A) လမ်းနှင့် ၁၁၀ လမ်းထောင့်တွင် အဆိုပါယာဉ်နှင့်အတူ တူးလွမ် အား ဆာလာအိတ် ၂၂ အိတ် အတွင်းမှ ဆပ်ပြာခွက် ၄၈၄၀ ခွက်ဖြင့် ထည့်လျက် ငွေကျပ် ၁ ဒသမ ၂၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၈ ဒသမ ၄ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ မန္တလေးတိုင်းဒေသကြီးသို့ လမ်းတစ်လျှောက်ရှိ ရှာဖွေစစ်ဆေးရေး စခန်းများကို ရှောင်ကွင်း၍ သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**







# မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာဆွေးနွေးပွဲကျင်းပ

**ထားဝယ် မတ် ၂၀**

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ”သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA) ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ”သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးက အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးနှင့် ကလေးအလုပ်သမား ပပျောက်ရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများသာမက INGO၊ NGO များ၊ လူမှုအဖွဲ့အစည်းများအနေဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်ပါ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း MSME များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားလိုကြောင်း။

အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်နှင့်အမျှ မိဘများအတွက် သင့်လျော်သည့် ဝင်ငွေရရှိစေသဖြင့် သားသမီးများကို ပညာသင်ကြားပေးနိုင်ပြီး ကလေးအလုပ်သမား လျော့နည်းစေရေးအတွက် များစွာအထောက်အပံ့ဖြစ်စေကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက် ၁၂ ချက်ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း။

စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၊ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ပညာပေးရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းကော်မတီ၊ ဥပဒေရေးရာလုပ်ငန်းကော်မတီ၊ စောင့်ကြည့်အကဲဖြတ်စိစစ်ရေး လုပ်ငန်းကော်မတီ၊ ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေး လုပ်ငန်းကော်မတီများမှ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃ ခုနှစ်) ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လစဉ်လဆန်း ၁၀ ရက်နေ့အရောက် ပေးပို့တင်ပြရမည်ဖြစ်ပြီး လုပ်ငန်းကော်မတီအချင်းချင်း ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရန် အရေးကြီးကြောင်း။

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက် ကိုးခုအနက် တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီများမှ အမျိုးသားကော်မတီထံ တင်ပြရမည့် နှစ်ဝက်အစီရင်ခံစာနှင့် နှစ်ပတ်လည်အစီရင်ခံစာများကို သတ်မှတ်ရက်အတွင်း ပေးပို့တင်ပြရန်နှင့် တိုင်းဒေသကြီး ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေးလုပ်ငန်း ကော်မတီအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစ၍ ကလေးအလုပ်သမားပပျောက်ရေး ခေါင်းစဉ်ဖြင့် ဘတ်ဂျက်လျာထားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ထားဝယ်မြို့ရှိ Dawei River Enterprise Co.,Ltd သို့ သွားရောက်၍ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် နည်းပြသင်တန်း(၁ / ၂၀၂၃)ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂၀**

မြန်မာနိုင်ငံတွင် ဘတ်စကက်ဘော အားကစားနည်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ပြိုင်ပွဲများသာမက နည်းပြသင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိသည်။

အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘော အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် နည်းပြသင်တန်း (၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ရုံးဟောင်းခန်းမ၌ ကျင်းပရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်မှ နာယက ဒေါ်နီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်၊ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးထင်လင်းပြည့် နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




ရှေးဦးစွာ သင်တန်းသားသင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ပေးကာ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်တရ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။ **(ဝဲပုံ)**

အဆိုပါ သင်တန်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ၁၀ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ သင်တန်းသား သင်တန်းသူ ၃၀၊ အခြေခံပညာဦးစီးဌာနမှ ၁၀ ဦး၊ စုစုပေါင်း၅၀တို့ တက်ရောက်ခဲ့ပြီး မတ်လ ၂၀ ရက်မှ ၂၉ ရက်အထိ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အားကာမောင်**

# Jenesys U-17 Women's Football Memorial Cup ပြိုင်ပွဲတွင် မြန်မာအသင်း အဆင့် ၅ နေရာလုပွဲ ကစားရမည်

**ရန်ကုန် မတ် ၂၀**

ဂျပန် – အာဆီယံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ဂျပန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် Jenesys U–17 Women's Football Memorial Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ ယူ– ၁၇ အမျိုးသမီးအသင်းသည် မတ် ၂၀ ရက်က ကစားသည့် အဆင့်သတ်မှတ်ချက်ပွဲတွင် အနိုင်ရရှိပြီး အဆင့် ၅ နေရာလုပွဲ ကစားခွင့်ရရှိခဲ့သည်။

မြန်မာအသင်းသည် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုးပြတ် အနိုင်ရသဖြင့် အဆင့် ၅ နေရာလုပွဲ ကစားခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် ဒုတိယနေရာသာရခဲ့သဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့် ဆုံးရှုံးခဲ့ပြီး အဆင့်သတ်မှတ်ချက်အတွက် မတ် ၂၀ ရက်တွင် လာအိုအသင်းနှင့် ကစားရခြင်းဖြစ်သည်။

မြန်မာအသင်းသည် အဆင့် ၅ နေရာလုပွဲအဖြစ် မတ် ၂၁ ရက် **(ယနေ့)** တွင် ဂျပန်ကလပ် အိုကီနာဝါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ကယားပြည်နယ်အစိုးရအဖွဲ့က ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲကျင်းပ

လွိုင်ကော် မတ် ၂၀

ကယားပြည်နယ်အစိုးရအဖွဲ့မှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအသီးသီးမှ ရပ်မိရပ်ဖများ၊ ယာယီတိုက်ပွဲရှောင်ပြည်သူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကား ပြောကြားရာတွင် ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများ၏ လတ်တလော စားဝတ်နေရေးအတွက် လိုအပ်သည့် စားသောက်ကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့် နေအိမ်အဆောက်အအုံများ ပြုပြင်ရန်အတွက် ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်တည်ငြိမ်အေးချမ်းလာစေရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်ခရိုင်နှင့် ဒီးမော့ဆိုခရိုင်တို့မှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီ၊ ပဲနှင့် အခြေခံစားသောက်ကုန်များ၊ နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် အိမ်ဆောက်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ၊ ယာယီတိုက်ပွဲရှောင်နေရာများတွင် လိုအပ်လျက်ရှိသော အထောက်အကူပြုပစ္စည်းများ ဝယ်ယူရန်အတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ သက်ဆိုင်ရာ ယာယီတိုက်ပွဲရှောင်စခန်းအသီးသီးမှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသော ပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ပြီး ပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့မှ လွိုင်ကော်ခရိုင်နှင့် ဒီးမော့ဆိုခရိုင်အတွင်း ဘာသာရေးကျောင်းများနှင့် ရပ်ကွက်ကျေးရွာ အုပ်စုအတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူ ၃၈၀၂ ဦး၊ အိမ်ထောင်စု ၁၁၄၁ စုတို့အတွက် ဆန်၊ ဆီ နှင့် ကုလားပဲများ၊ ပျက်စီးသွားသော နေအိမ် ၃၂ လုံးအတွက် အိမ်ဆောက်ပစ္စည်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများတွင် လိုအပ်လျက်ရှိသော ရေလှောင်ကန်နှင့် သန့်စင်ခန်းများ ဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေများ၊ ဒေါပိုးစီဘုန်းတော်ကြီးကျောင်း လျှပ်စစ်မီးသွယ်တန်းမှုအတွက် ထောက်ပံ့ငွေများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ထောက်ပံ့ငွေများအပါအဝင် စုစုပေါင်း ထောက်ပံ့ငွေတန်ဖိုးမှာ ကျပ်သိန်းပေါင်း ၈၇၄၀၆၀၅၀ ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယာယီတိုက်ပွဲရှောင်ပြည်သူများ နေထိုင်သော ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားကျောင်းများသို့ သွားရောက်ပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်များကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကာ တိုက်ပွဲရှောင်ပြည်သူများ နေထိုင်သည့် အိပ်ဆောင်များ၊ ထမင်းစားဆောင်၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)**

**တောင်ကြီးမြို့နယ်တရားရုံး**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၉၀ နှင့် ဆက်နွယ်သည့်**

**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှု အမှတ် -၁၃**

ဒေါ်စောမြတ်မွန် နှင့် ဦးထွန်းရွှေ

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ နယ်မြေ(၁၆)၊ ဇလဲလမ်း၊ အမှတ်(စ/၅၀၈)နေ တရားပြိုင် ဦးထွန်းရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၉၀တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်စောမြတ်မွန်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဧပြီ ၅ရက်(၁၃၈၄ ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ မတ် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိုင်းခမ်းလိတ်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ သီရိ(၈)လမ်း မြေကွက်အမှတ်(၁၀၂၃)၊ ဧရိယာ(၄၀ပေx၆၀ပေ)ရှိမြေကွက်နှင့်မြေကွက်ပေါ်ရှိ ဝါးအိမ်သည် ကွယ်လွန်သူ ဒေါ်မူမူမြင့် အမည်ပေါက် ပိုင်ဆိုင်ပြီး ဒေါ်မူမူမြင့်၏ အမွေကိုဆက်ခံသူ ဦးထွန်းထွန်းမြင့် ပါ-၆ဦးတို့က ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ထက် ကျော်လွန်ပါက မြေကွက် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင့်ဆန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၈၀/၉၅)
အမှတ်(၁၆၇)၊ မဟာစည်လမ်း၊ တာဂါးဆယ်မြောက်ရပ်ကွက်၊ ဟင်္သာတမြို့။


## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**ပဲခူးခရိုင်တရားရုံးတော်၌**

**၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၆**

| | | |
|---|---|---|
| ကမ္ဘာ့ရတနာဘဏ် | နှင့် | ၁။ ဒေါ်စုမေလှိုင် |
| (၎င်း၏ကိုယ်စားဦးဖြိုးဝေစိုး) | | ၂။ ဒေါ်ချောစုလှိုင် |
| ဘဏ်ခွဲတာဝန်ခံ(ပဲခူးဘဏ်ခွဲ-၂) | | ၃။ ဒေါ်မေမွန်ကျော် |
| | | (ကွယ်လွန်သူ ဦးကျော်ငွေ၏ တရားဝင် ကိုယ်စားလှယ်များ) |
| **တရားလို** | | **တရားပြိုင်များ** |

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ စက်ကုန်းပိုင်းရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၁၂၀)နေ အမှတ်(၁)တရားပြိုင် ဒေါ်စုမေလှိုင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်က တရားပြိုင်များထံမှ တရားလိုဘဏ်က ဘဏ်ချေးငွေ (၃၀-၆-၂၀၁၉)ရက်အထိ ဘဏ်ချေးငွေကျပ်(၉၁၈၀၄၆၄၃.၈၀/-)(ကိုးရာတစ်ဆယ့်ရှစ်သိန်းလေးထောင်ခြောက်ရာလေးဆယ့်သုံးကျပ်နှင့်ပြားရှစ်ဆယ်တိတိ)အတွက် အပြေအကြေပေးဆပ်သည့်နေ့အထိ ဘဏ်အပေါင်အာမခံပစ္စည်းများထုခွဲ ရောင်းချပေးစေလိုမှု(အပေါင်ဒီကရီ)မှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် ကိစ္စအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ်၊ မတ်လ ၂၈ရက်(၁၃၈၄ခုနှစ် တန်ခူးလဆန်း ၈ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်း အပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်ကိုယ်တိုင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် မတ်လ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရီရီခိုင်)
ဒုတိယခရိုင်တရားသူကြီး(၂)
ပဲခူးခရိုင်တရားရုံး

# ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်တွင် ရေဆက်သွယ်ကစားလိုသူများ ခွင့်ပြုမိန့်လျှောက်နိုင်

ရန်ကုန် မတ် ၂၀

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်း၊ အင်းလျားကန်နှင့် ကန်တော်ကြီးကန်တို့မှ ရေကိုဆက်သွယ်ကစားလိုသည့် ကိစ္စရပ်များ စိစစ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သို့ ဧပြီ ၁၃ ရက်(သင်္ကြန်အကြိုနေ့) မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ယာယီရေဆက်သွယ်ရန်အတွက် ခွင့်ပြုမိန့်လျှောက်ထားကြရမည်။ ယာယီရေဆက်သွယ်ခွင့်လျှောက်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်(ရေ/သန့်) တာဝန်ခံရုံးများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၁၂ ထပ်ခွဲ တိုးချဲ့ရုံးသစ် ပဉ္စမထပ်(ဗိုလ်မြတ်ထွန်းလမ်းနှင့် ၄၆ လမ်းကြား ကုန်သည်လမ်းပေါ်)ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရုံးခန်းတွင် အခမဲ့ထုတ်ယူနိုင်သည်။ ခွင့်ပြုမိန့်လျှောက်ထားရာ၌ သတ်မှတ်လျှောက်လွှာတွင် မြို့နယ်(ရေ/သန့်) တာဝန်ခံ၏ မှတ်ချက်ရယူပြီး တင်ပြလျှောက်ထားရမည်ဖြစ်သည်။

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများက ရေဆက်သွယ်သူများ လိုက်နာဆောင်ရွက်ရန် စည်းကမ်းချက်များနှင့်အညီ ရေကစားမဏ္ဍပ်သို့ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင်ရေပိုက်လိုင်းများ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေကိုဆက်သွယ်၍ ရေကစားခြင်းမပြုရန်နှင့် ကော်မတီပိုင် မီးသတ်ပိုက်ခေါင်းများမှ ဆက်သွယ်၍ ရေကစားခြင်းလုံးဝ(**လုံးဝ**)မပြုရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဇီးကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်ပိုင် ဆီစက်က မြေပဲနှင့် နှမ်းများ ကြိတ်ခွဲဖြန့်ဖြူး

ဇီးကုန်း မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ဈေးလမ်းရှိ မြို့နယ်သမဝါယမအသင်းစု လီမိတက်ပိုင် ဆီစက်သည် မြေပဲနှင့် နှမ်းများကို ကြိတ်ခွဲဆောင်ရွက်လျက်ရှိသည်။ ဆီကြိတ်ခွဲမှုအနေဖြင့် မြေပဲတစ်တင်း ကြိတ်ခွဲလျှင် မြေပဲဆီ ၇ ဒသမ ၆၀ ပိဿာနှင့် နှမ်းတစ်တင်း ကြိတ်ခွဲလျှင် နှမ်းဆီ ၆ ဒသမ ၃၀ ပိဿာ ကြိတ်ခွဲနိုင်သည်။ တစ်နေ့လျှင် နှမ်းဆီ ၆၃ ပိဿာခန့် ထွက်ရှိပြီး ဆီစက်အတွက် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် မြေပဲများကို ပေါင်းတည်ပွဲရုံနှင့် နှမ်းများကို ကြို့ပင်ကောက်မြို့မှ ဝယ်ယူ ကြိတ်ခွဲလျက်ရှိပြီး ထွက်ရှိလာသည့် နှမ်းဆီနှင့် မြေပဲဆီများကို အသင်းသားပြည်သူများသို့ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/67331, Jialing-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာအေး ၉/မထလ(နိုင်)၀၀၀၈၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**


## စာအုပ်စာပေ လူ့မိတ်ဆွေ


## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ဟံသာဝတီလမ်းနေ ဦးခင်မောင်ဇော် ၉/လဝန(နိုင်) ၁၀၄၅၁၂ နှင့် ဒေါ်စုစုကြည် ၉/လဝန(နိုင်) ၁၀၄၅၁၃ တို့၏သမီး မအိထူးချို ၉/လဝန(နိုင်) ၁၃၅၆၈၆သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိဘဆွေမျိုး အသိုင်းအဝိုင်းများ၏ အရှက်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်အလီလီ ပြုမူဆောင်ရွက်ခဲ့သောကြောင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် မအိထူးချိုနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ မိဘဖြစ်သော ကျွန်တော်၊ ကျွန်မတို့မှ လိုက်လံကူညီဖြေရှင်းဆောင်ရွက်ပေးတော့မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဇော်၊ ဒေါ်စုစုကြည်**



## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးမင်းအောင် ၈/တတက(နိုင်) ၁၈၄၆၈၆ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**မောင်စိုးမင်းအောင်**


## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၃-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)ပါ (မောင်မောင်သက်လွင်) ဒုတိယခရိုင်တရားသူကြီး(၄)၊ သဃ်္ဃန်းကျွန်းခရိုင်တရားရုံး၊ ငြင်းချက်ထုတ်ရန်ဆင့်စာ ကြော်ငြာတွင် တရားလိုက အမွေပုံစံ စီမံခန့်ခွဲပေးစေလိုမှု အစား **တရားလိုက အမွေပုံ စီမံခန့်ခွဲပေးစေလိုမှု** ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။




## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အလက(ထခွဲ-၁) Grade-11 မှ မောင်အောင်ကျော်ဇော၏ ဖခင် ဦးခင်မောင်ကျော်၏ အမည်မှန်မှာ ဦးဆူဒါးစ် ၉/မမန(နိုင်)၀၈၄၅၉၅ ဖြစ်ပါကြောင်း။

**ဦးဆူဒါးစ်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဇော်မင်းထွဋ်မှု ၁၁/မဥန(နိုင်)၀၆၅၉၆၅ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၈၇၀၇၀၇**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/6747 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်7G/7843 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ အကွက်အမှတ်(၃၅)၊ ရူပရွာ အကွက်၊ ဦးပိုင်အမှတ်(၂၉၁)၊ ဧရိယာ ၀ဒသမ ၀၀၉ ကေရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက် ပိုင်ဆိုင်ခဲ့သူ မအုံးကြာဖြူဖြစ်ပြီး ၎င်း၏အမွေကို ဆက်ခံပိုင်ဆိုင်လာကာ လက်ရှိ နေထိုင်သော မြေးများက အမည်ပြောင်းလဲမှုအပေါ် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စစ်တွေမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်သိန်းပါ(၂)ဦး**

## ဒေါ်မေသူအောင် ၇/ပမန(နိုင်) ၁၅၁၂၉၀သိစေရန်နှင့် အများသိစေရန် ကြေညာခြင်း

ဦးမင်းကျော်သူ ၁၀/မလမ(နိုင်) ၁၃၀၈၉၁နှင့်ဒေါ်မေသူအောင် ၇/ပမန(နိုင်) ၁၅၁၂၉၀တို့သည် ၂၀၀၄ခုနှစ်က အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ပြီး သား(၂)ဦး ထွန်းကားခဲ့ပါသည်။ ကျွန်တော်၏ ဇနီးဖြစ်သူမှ ၎င်းလက်ရေး ဖြင့် ရေးသားထားသည့် လက်ဝတ်လက်စားရွှေထည်ပစ္စည်းအမျိုးအမည်(၂၃)မျိုး၊ ဘဏ်စာအုပ်၊ ငွေသား(၇၁၀၀၀၀/-)ကျပ်နှင့် ကားအမျိုးအစား Honda Fit 6D1၊ ယာဉ်အမှတ် 1F/6212 တို့အား ၎င်းနှင့်အတူ ယူသွားသည့်အပြင် ကျွန်တော်၏ သား(၂)ဦးကိုပါ ခေါ်သွားပြီးနေအိမ်မှဆင်းသွားခြင်းသည်၎င်း၏ စိတ်ဆန္ဒဖြင့် ဆင်းသွားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းကျော်သူ ၁၀/မလမ(နိုင်)၁၃၀၈၉၁**
**ရွာဘဲရပ်ကွက်၊ ပြည်ရတနာလမ်း၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာ၊ကွင်း/အကွက်အမှတ် ၆၁၉၊ ကွင်း/ အကွက်အမည်-ကျိုက္ကမော့၊ ဦးပိုင်အမှတ် ၁၅၈/၂၊ မြေအမျိုးအစား-ဥယျာဉ်မြေ၊ ဧရိယာ ၀ဒသမ၅၀ ကေရှိ လယ်ယာမြေ (ပုံစံ-၇) လုပ်ပိုင်ခွင့်ပြုလက်မှတ်ရ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားအမည်ပေါက် ပိုင်ဆိုင်လျက်ရှိသူ ဒေါ်အေးမြင့် ၁၂/သဃက(နိုင်)၀၉၉၈၂၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လတ်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၃၈)**
**အမှတ် ၃၆၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊(၂)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၁၁၇၈၅၄**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၇၈၈၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ တိုက်အမှတ် (၂၀၄)၊ (၂)ခန်းတွဲ (၈)ထပ်တိုက်မှ ၃-လွှာ (ယာဘက်ခန်း)၊ အခန်းအမှတ် (၃/ဘီ)၊ (၂၉' x ၆၀')အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေဇင်သန့် (၁၂/မဂတ (နိုင်) ၀၀၁၀၈၅၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာသည့်နေ့မှ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဇင်မာသက် LL.B** | **ဒေါ်ဝါဝါလှိုင် LL.B** |
| တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၅၇၇) | တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၆၅၀) |

အမှတ်-၅၀၊ အခန်း (A-၂၀)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၂၅၀၂၅၃၈၂၊ ၀၉ ၄၂၀၀၆၃၄၉၉

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြဇေယျာလမ်း၊ အမှတ်(၁၂)၊ (၄-B)၊ ဧရိယာ(၁၄၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်း အပါအဝင် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးလက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိမိသွင် ၁၂/ကမရ(နိုင်)၀၄၃၇၃၀ထံမှ ကျွန်ုပ် မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီး ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်အား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များ ရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၈၇)**
**အမှတ်(၄၆)၊ လမ်း(၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
**ဖုန်း-၀၉-၅၁၀၇၀၄၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်၊ ဦးပိုင်အမှတ် ၁၅၀၊ရေိယာ ၀ဒသမ ၀၉၃ကေအား ဦးမောင်မောင်ကျော် (ဘ)ဦးအောင်မင်း ၈/ရစက(နိုင်)၁၄၂၆၅၇ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၄၄/၂၀၂၃၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/ကျန်စစ်သား၊ ဦးပိုင်အမှတ်(၁၅က)၊ ဧရိယာ(၀ဒသမ၀၂၇) ကေရှိ ဦးဇော်လွင် ၉/တကန(နိုင်)၀၁၁၄၁၈အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်အေးမြမွန်(ဘ)ဦးဇော်လွင် ၉/တကန(နိုင်) ၀၈၉၁၄၅အား မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## ရိက္ခာဆန်၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/အချုပ်ထောင်/စခန်းတို့တွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန်၊ ငစိန်ဆန် (၂၅ %)ဆန်နှင့် ၎င်းထက်အရည်အသွေး မနိမ့်သော ရိက္ခာဆန် ၃၆၅၅၆ အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းလိုသူများအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ စပေါ်ငွေအဖြစ် ရိက္ခာဆန်အိတ်တန်ဖိုးကျသင့်ငွေ၏ ၁%ကို တင်ဒါအာမခံ စပေါ်ငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်၌ Payment Order Cheque (PO Cheque) ပြုလုပ်ပေးသွင်းရန်နှင့် မိမိပေးသွင်းမည့် ရိက္ခာဆန်နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရမည်။

၃။ တင်ဒါ ပုံစံရောင်းချမည့်ရက်/နေရာ၊ ၂၀-၃-၂၀၂၃ရက်မှ ၂-၄-၂၀၂၃ရက်အထိ (ရုံးချိန်အတွင်းသာ) အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ အေးသာယာ၊ တောင်ကြီးမြို့၌ တင်ဒါပုံစံတစ်စောင်လျှင် ငွေကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်းတိတိ) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။တင်ဒါဖွင့်ဖောက်မည့်ရက်နှင့် အချိန်/နေရာ ၃-၄-၂၀၂၃ရက် နံနက် ၁၀နာရီ ဖြစ်ပြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ကြီးမြို့၌ ဖြစ်ပါသည်။

(ရက်အပြောင်းအလဲရှိနိုင်ပါသည်။)

၅။ တင်ဒါရွေးချယ်ခြင်း မပြုသူများအား သီးခြားအကြောင်းပြန်ကြားမည်မဟုတ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း-၀၈၁-၂၀၈၅၄၉၊ ၀၉-၇၆၆၅၁၇၅၃၇၊ ၀၉-၆၇၇၆၀၃၄၃၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ ကန်သာအုပ်စုရှိ ၊ ကွင်း/ကွင်းအမှတ်(၆၁၂/ကျွန်းဖိုပင်ကွင်း)၊ ဦးပိုင်အမှတ်(၁၇၄/၁)၊ ဧရိယာ(၀ဒသမ၆၂)ကေရှိ တောင်သူ ဒေါ်မြမှုံ ပိုင်မြေကွက်၏ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) မူရင်းမှာ ပျောက်ဆုံးသွားပါ၍ သက်ဆိုင်ရာဌာနတွင် ပြန်လည်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြမှုံ**
**၉/မထလ(နိုင်)၁၁၁၅၀၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ကျောင်းကုန်း (၁)လမ်း၊ အမှတ်(၁၆၉)၊ (၁၀)ခန်းတွဲ၊ RC(၅)ထပ်တိုက် မီနီကွန်ဒို အဆောက်အအုံ၏ အခန်းအမှတ်(2/B)၊ (ပထမထပ်)၊ (၂)လွှာ၊ ဧရိယာ(၉၅၀)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးစိုးဝင်း ၁၂/သဃက(နိုင်)၁၄၅၆၃၆ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးပိုင်စိုးအောင် ၁၄/ဘကလ(နိုင်)၂၃၀၈၈၃၊ ဒေါ်ယုယုနိုင် ၁၄/မအပ(နိုင်) ၂၀၅၂၆၀တို့က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးပိုင်စိုးအောင်၊ ဒေါ်ယုယုနိုင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၈/ကျန်စစ်သား၊ ဦးပိုင်အမှတ် ၆၈၊ ဧရိယာ ၀ဒသမ ၁၃၈ကေအနက်မှ ဧရိယာ ၀ ဒသမ ၀၃၄ကေအား ဒေါ်သက်မာဖြိုးဆွေ(ခ) ဒေါ်အိမြတ်သက်(ဘ)ဦးတင့်ဆွေ ၇/ရတရ(နိုင်) ၀၈၂၁၀၉မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၄၀/၂၀၂၃၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅/မင်းခေါင်)၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ(၀ဒသမ၁၁၀)ကေအနက်မှ ဧရိယာ(၀ဒသမ၀၅၅)ကေအား ဦးစိုးဝင်း(ခ)မိုဟာမက်အစ်စမာအင်(ဘ)ဦးချမ်းသာ(ခ)အဗ္ဗနုဟာရှင် ၉/တကန(နိုင်)၀၃၄၂၆၁မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၄၅/၂၀၂၃)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးမြို့၊ အထက စာလေးကွင်းကျောင်း၊ Grade -10မှ မအိမ့်မေသူချို၏ ဖခင်အမည်မှန်မှာ ဦးမျိုးသိမ်း ၁၂/သကတ(နိုင်)၀၀၀၂၅၇ ဖြစ်ပါကြောင်း။

**ဦးမျိုးသိမ်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄) ရပ်ကွက်နေ မောင်ထွန်းလင်းရွှေ၏ မိခင် ဒေါ်ချယ်ရီထွေး(ခ) ဒေါ်နန်းချယ်ရီထွေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၊ ပါဟတ်ရပ်ကွက်နေ မောင်ဝေယံအောင်၏မိခင် ဒေါ်သဇင်ဦး(ခ)ဒေါ်ပြုံးရွှေဇင်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျိုင်းတောင်းမြို့၊ အမှတ်(၄) ရပ်ကွက်နေ မောင်ရန်နိုင်အောင်၏ မိခင် ဒေါ်သန်းသန်းအေး(ခ) ဒေါ်သန်းအေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်မြို့နယ်၊ရုံးကုန်းရပ်ကွက်နေ စိုင်းအောင်ထွန်း၏မိခင် ဒေါ်အေးခမ်း(ခ) ဒေါ်နန်းခမ်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ စံပြ ရပ်ကွက်နေ မောင်ဟိန်းနေအောင်၏ မိခင် ဒေါ်သင်း(ခ) ဒေါ်သင်းသင်းမာမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/40361, Yunde-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်း ၇/ရတန(နိုင်) ၁၂၂၂၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပြည်)ပြည်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/2972 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး-မန္တလေးမြို့
## ဈေးနှုန်းအဆိုပြုလွှာ ခေါ်ယူခြင်း

၂၀၂၂-၂၀၂၃ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် မန္တလေးမြို့၊ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီးတွင် ပုဂ္ဂလိက လုံခြုံရေး ဝန်ဆောင်မှု ငှားရမ်းလုပ်ကိုင်ခွင့်လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၂-၃-၂၀၂၃ရက်၊ (ဗုဒ္ဓဟူးနေ့)

၂။ **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** - ၂၈-၃-၂၀၂၃ရက်၊ (အင်္ဂါနေ့) ညနေ ၄နာရီ

၃။ အိတ်ဖွင့်တင်ဒါကို သတ်မှတ်ပုံစံဖြင့် လျှောက်ထားရပါမည်။ လျှောက်လွှာပုံစံကို ဆေးရုံအုပ်ကြီး ရုံးခန်း၌ ဝယ်ယူရပါမည်။

အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးခန်း၊ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီးသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့**

## အများသိစေရန်ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးတင်ထွေး (၁၂/သလန(နိုင်)၀၂၈၉၆၀) အမည်ပေါက်သည့် သန်လျင်မြို့နယ်ရှိ အောင်ချမ်းသာတိုးချဲ့၊ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ်(၁၈၉၃)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို မြေကွက်အမည်ပေါက်ဖြစ်သူ ဦးတင်ထွေး (၁၂/သလန(နိုင်)၀၂၈၉၆၀)က တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန်သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်စန္ဒီအောင်**
**အထက်တန်းရှေ့နေ(စဉ်-၃၁၁၄၆)**
**အမှတ်(၃၇၉)၊ သစ္စာ(၉)လမ်း၊ (၃၉/က)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၉၅၆၈၂၉၅၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁/အနော်မာ)ရပ် ကွက်၊ (၁၆) လမ်း၊ တိုက်(၆၈၅)၊ တတိယထပ်၊ (၄လွှာ)၊ ခြေရင်းဘက်ခြမ်း၊ (၁၈x၅၄) ပေအကျယ်ရှိ ဆောက်လုပ်ဆဲ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်မည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဦးလှဝင်း ၁၂/လမတ(နိုင်)၀၃၉၅၃၉မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ဇင်ထွန်း ၁၂/ကတတ(နိုင်)၀၃၁၂၇၅ ကလည်း ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်သွယ်ဇင်အေး |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၄၇၅၂/၂၀၂၂) |

ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၄၉၄(A-1)ဟုခေါ်တွင်သော အလျား(၄၀')၊ အနံ(၃၂')ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC(၂)ထပ်ခွဲ အဆောက်အအုံနှင့် ပတ်သက်၍အများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်နှင့် အဆောက်အအုံမှာ ၉-၄-၂၀၁၈ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်အရ ဒေါ်မိမိခိုင်နှင့် မစိုးသီရိမွန်တို့ နှစ်ဦးပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် မြေကွက်နှင့် အဆောက်အအုံ ဖြစ်ပါသည်။

ထို့ကြောင့် ယင်းမြေကွက်နှင့် အဆောက်အအုံကို မစိုးသီရိမွန် ၁၂/အစန(နိုင်)၂၁၉၀၃၅ ၏ သိရှိ၊ သဘောတူညီမှုမရှိဘဲ ဒေါ်မိမိခိုင် တစ်ဦးတည်းမှ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံထားခြင်း၊ အမည်ပြောင်းလဲခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ မစိုးသီရိမွန်၏ သဘောတူညီချက်မပါဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခဲ့ပါက ရောင်းချသူနှင့် ဝယ်ယူသူတို့၏ တာဝန်သာဖြစ်ကြောင်း၊ မစိုးသီရိမွန်နှင့် သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မစိုးသီရိမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုညိုစန်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၉၇)**
**အမှတ် ၁၃၉၊ခ/၅ လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၆၀၄၇၆**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်
## ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူများနှင့် လုပ်အားရှင်များအား ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်အတွက် လိုအပ်သော ငစိန်ဆန်(၂၅%)၊ ရိက္ခာဆန်(ငစိန်)(၈၀၃၆)အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၃-၂၀၂၃ရက်မှ ၂-၄-၂၀၂၃ရက်ညနေ ၄နာရီထိ

၃။ **အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်ရက်** - ၃-၄-၂၀၂၃ရက်

**နေရာ** - အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့

၄။ တင်ဒါလျှောက်လွှာပုံစံ(၁)စောင်လျှင် ၁၀၀၀၀/-ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဖုန်း-၀၅၈-၂၂၂၈၁ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန**
**ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းထောင့်၊ InnoCity Type(A1)၊ (11)Floor Room, No(1106), Block(105), Bacement(၂)ထပ်+RC(၂၉)ထပ် တိုက်အဆောက်အအုံ၏ ဧရိယာ(၉၂၅.၅၁)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဖြစ်သော Inno International Development Co.,Ltdထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးမြင့်နိုင် (၁၂/အစန(နိုင်)၁၅၄၀၇၂) နှင့် ဒေါ်ခင်သန်းမြင့် (၈/ရနခ(နိုင်)၀၀၆၉၃၃)တို့က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်နိုင်နှင့်ဒေါ်ခင်သန်းမြင့်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၀၃၅၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ မာလာမြိုင် ၄လမ်း၊ အမှတ် ၈၆၊ (၂)ခန်းတွဲ RC(၆)ထပ် အဆောက်အအုံ၏(ပဥ္စမထပ်)(၆-လွှာ)၊ တိုက်ကို မျက်နှာမူလျှင်(လက်ဝဲဘက်အခန်း)၊ ဧရိယာ ၅၅၂ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဖြစ်သော ဦးသိန်းစိုး(၇/လပတ(နိုင်)၀၈၇၂၄၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ထွန်းအိန္ဒြာလွင်(၁၂/သဃက(နိုင်)၁၇၇၂၂၇)ကအပြီးအပြတ်ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ထွန်းအိန္ဒြာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B), Wipo(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၄၅၅)**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**
**အမှတ် ၁၄၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City ၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊(၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၇)လမ်း၊ ရန်အောင်အိမ်ရာ၊ (၂)ခန်းတွဲ(၈)ထပ်တိုက်ရှိ တိုက်ခန်းအမှတ်(၃၀၂)၊ (မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)၏ ရောင်းသူ အမည်ပေါက် တိုက်ခန်း(၁)ခန်းနှင့်တကွ မော်တော်ယာဉ်(၁)စီးစာ(Basement ဧရိယာ)ယာဉ်ရပ်နားရာနေရာ သုံးစွဲခွင့် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဦးကျော်စွာလင်းခင် ၁၄/ပသန(နိုင်)၁၆၄၈၄၆ထံမှ ဖော်ပြပါပစ္စည်းကို ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းစည်သူ ၉/ခအဇ(ဧည့်)၀၀၀၁၃၆ က အပြီး အပိုင် လွှဲ ပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခု အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးစိုင်းစည်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှိုင်ဘွား(LL.B)**
**စဉ်-၈၁၃၀/၂၀၁၂**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၇၅၊ ပထမထပ်၊ သုမနလမ်း၊(၁၆/၂)ရပ်ကွက်**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၈၉၂၇၅၅၀၁၂**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝေမျိုးအောင် ၈/မသန(နိုင်)၁၀၁၈၄၄ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၀၃၄၈၅၈**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ခင်မောင်လွင် ၈/မဘန(နိုင်)၀၈၃၁၅၁ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၅၃၆၆၀၉၆**

## မော်တော်ယာဉ်ဖောင်းကြွ နံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် GG/3296, TOYOTA Probox NCP 55, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပပအောင် ၁၂/မဂဒ(နိုင်)၁၀၈၀၁၃ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/51298, Honda Wave -100, M/C ယာဉ်လက်ဝယ်ရှိသူ NCX MYANMAR Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(သာယာဝတီ)**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## ကလေးခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄

**ကွယ်လွန်သူ ဒေါ်ပွန်အီယန်းကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

